
Signs Of The Fate
ကံကြမ္မာချည်တဲ့ကြိုး
Choyee6

## Part -1

အဝင်ကော တစ်ခုကို လက်ခံဖြေဆိုပြီးကတည်းက သူမရဲ့ခြေလှမ်းတွေက တစ်နေရာရာသို့ ဦးတည်ကာ အပြေးတစ်ပိုင်း နှင်နေသည်။ ထိုဦးတည်ရာ နေရာရဲ့ အဝင်ဝသို့ရောက်သည်နှင့် အထဲမှာ အော်ကြီးဟစ်ကျယ်အသံများ က သူမထံသို့ အလျှင်စလိုပြေးကပ်လာသည်မို့ ဘာမှမစဉ်းစားနိုင်တော့ တံခါးတွန်းဖွင့်ကာ ဝင်ခဲ့တော့သည်။

ကြမ်းပြင်မှာ ဆံပင်ဖွာလန်ကြဲကာ ကြေကြေကွဲကွဲငိုနေသည့် သူမနှင့် မတိမ်းမယိမ်းအရွယ်ရှိ အမျိုးသမီးတစ်ဦး၊ ထိုအမျိုးသမီးကို ပွေ့ဖက်ထား ကာ မေးကြောကြီးတွေထောင်နေတဲ့အထိ အံကြိတ်ထားသည့် အမျိုးသား တစ်ဦးနှင့် လူအနည်းငယ်။ နေ့ကလေးထိန်းကျောင်းလေးပေမို့ ကလေး တော်တော်များများလည်း ရှိနေပြီး ရန်းရင်းဆန်ခတ် အခြေအနေကြား တချို့ကလေးတွေမှာ ငိုမဲ့မဲ့ဖြစ်လို့နေသည်။

"မသော်တာ ရောက်လာပြီဆိုတော့ ... ကျွန်မတို့"

ခပ်တိုးတိုးလှမ်းပြောလာသည့် ဆရာမလေးမှာ သူမလက်ကာပြမှုကြောင့် ရပ်တန့်သွားခဲ့ပြီး သူမကတော့ ထောင့်လေး တစ်ဦးတည်းကပ်ထိုင်နေ သည့် ၄နှစ်စွန်းစွန်းကလေးငယ်ဆီသို့သာ လှမ်းလျှောက်သွားပြီးနောက် ...

"သား ကောင်းဆက် ... မေမေရောက်ပြီ"

ဟု ပြောလိုက်သည်နှင့် အိခနဲငိုချလိုက်သံနဲ့အတူ ပြေးဖက်လာသည့် သား ရဲ့ခန္ဓာကိုယ်လေးမှာ တဆတ်ဆတ် တုန်ယင်နေခဲ့ပြီး သားဖြစ်သူထိုင်နေခဲ့

နေရာမှာ ကြေမွနေသည့် စာအုပ်လေးတစ်အုပ် ရှိနေသည်။

"မေမေ ..."

ခပ်အက်အက်နှင့် ခါထွက်နေသည့် သားခေါ်သံကြောင့် ခပ်တင်းတင်း တိုး၍ ဖက်လိုက်ပြီး ကျောပြင်ကို ပွတ်ပေးလိုက်သည်။

"သား ... စာအုပ်ကို တမင်လုပ်လိုက်တာ မဟုတ်ပါဘူး။ သား အရမ်း ကြောက်ခဲ့လို့ပါမေမေ။ သားကို ဟို အန်တီက ဆောင့်ဆွဲပြီး ရိုက်မလို့လုပ် နေတော့ သားကြောက်လို့ စာအုပ်ကို ..."

"မေမေ သိတယ်သား။ မေမေသိတယ်"

သားဖြစ်သူပြလာသည့် လက်ကောက်ဝတ်မှာ အညိုအမည်းတချို့က ထင် ထင်ရှားရှားကြီး ဖြစ်နေပြီး ငိုယိုကြောက်ရွံ့နေသည့် သားပုံစံကြောင့် မိခင် ပီပီ ဒေါသစိတ်က ကပ်ငြိပါလာပေမဲ့ သူမစကားတွေမများလို ...။ ထို့ကြောင့် ကလေးကို တစ်ဖက်ကချီကာ တစ်ဖက်က လွယ်အိတ်နှင့် ထမင်းဘူးများ ယူဆောင်၍ ပြန်ရန်ပြင်တော့ ဆရာမလေးက နောက်တစ် ကြိမ် ထပ်တားရန်ပြင်သည်။

"မသော်တာ ... တစ်ဖက်မိဘတွေနဲ့ စကားပြောရအောင်လေ"

"ပြောရမှာပေါ့ ဒီနေ့တော့ မဟုတ်သေးဘူး။ ကျွန်မသား အရမ်းကြောက် နေတယ်။ အဲဒီတော့ နောက်ရက်မှ ထပ်တွေ့ပါမယ်"

"အဲဒီလိုမလုပ်ဘဲနဲ့ တစ်လက်စတည်း ပြောလိုက်ကြပါ။ ကိစ္စက သေး သေးလေး မဟုတ်ဘူးလေရှင်"

"ဒီမှာ ဆရာမ ... ကိစ္စက သေးသေးလေး မဟုတ်တာ သိပေမဲ့ ဒီကိစ္စက ကျွန်မသားလုပ်ခဲ့တာ မဟုတ်ဘူး။ စကားပြော တစ်ချက်ဆင်ခြင်ပေးပါ။ နောက်ပြီးတော့ သားကို အခြားကလေးတွေနဲ့တန်းတူ ပေးချေရမယ့်

ပမာဏအတိုင်း ပေးချေပြီး ဒီမှာ အပ်ခဲ့တာပါ။ မိဘတွေရဲ့ကွယ်ရာ ဆရာသမားဆိုတဲ့ ဂုဏ်ပုဒ်ပိုင်ရှင်လက်ထဲ သူများနည်းတူ ကျွန်မအပ်နှံခဲ့တာ"

"ဟုတ်ပါတယ် ကျွန်မ ..."

"ခဏလေး ကျွန်မပြောလို့မပြီးသေးဘူး။ ဖြစ်ခဲ့တဲ့ကိစ္စဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ဆရာမနဲ့ မပတ်သက်ဘူးလေ။ ဘာကြောင့်များ ၄နှစ်အရွယ်ကလေးကို လူကြီးတစ်ယောက် ဆွဲလွဲတာကို မတားတာလဲ၊ ဘာကြောင့်များ ကြောက်လွန်းလို့တုန်နေတဲ့ ကလေးတစ်ယောက်ကို နည်းနည်းလေးတောင် မဖေးမတာလဲ"

"ကျွန်မ ဖေးမခဲ့ပါတယ် မသော်တာ"

"ဒါဆို ကျွန်မသားက ဘာလို့ ကျွန်မ ဒီကိုရောက်တဲ့အချိန် ထောင့်လေးထဲမှာ ကုပ်ကုပ်လေး တစ်ယောက်တည်း ထိုင်နေခဲ့တာလဲ၊ အနားမှာ ဘယ်သူမှရှိမနေလို့ အားကိုးရာအဖြစ် သူ့စာအုပ်လေးကိုပဲ အားကိုးတကြီး ကျစ်ကျစ်ပါအောင် ဆုပ်ထားရတာလဲ။ ပြောကြည့်ပါဦး ..."

"... ... ..."

သူမထံက ဒေါသစွက်နေသောအသံ၊ ဒိုင်းခနဲရောက်ရှိသွားသည့် အကြည့်စူးစူးတွေအပြင် ပြန်လည်ချေပရန် မဖြစ်နိုင်သည့် အခြေအနေကြောင့် ထိုဆရာမငြိမ်ကျသွားခဲ့သည်။ သို့သော် အပြင်ဘက်ဆီ လှမ်းထွက်နေသည့် ခြေလှမ်းတွေ ရပ်တန့်အောင် တားလိုက်သူ ထပ်မံရှိလာခဲ့ပြီး ထိုသူမှာ ကြေကြေကွဲကွဲငိုနေခဲ့သည့် အမျိုးသမီးဖြစ်သူနဲ့ သူ့အမျိုးသားဖြစ်သူတစ်နည်းအားဖြင့် မနေ့ညက သေဆုံးသွားခဲ့သည့် သားရဲ့အတန်းဖော်ကလေးရဲ့မိဘတွေပင် ဖြစ်သည်။ သေဆုံးသူကလေးရဲ့ မိခင်ဖြစ်သူက မို့အစ်ကာ ပေါက်ကွဲလုမတတ် မျက်လုံးတစ်စုံကို အတင်းဖွင့်ကာ သူမတို့သားအမိထံသို့ စူးရဲစွာကြည့်သည်။

"ရှင့်သားကို ရှင်ပြန်ခေါ်သွားလို့ရတယ်။ နောက်ရက်မှ စကားပြောစရာလည်း မလိုဘူး။ ဖြစ်နိုင်ရင် ရှင်တို့မိသားစုနဲ့ စကားမပြောချင်ဘူး။ အဲဒီလိုပဲ ဒီကျောင်းမှာ ရှင့်သားကို လာမထားနဲ့"

"ဆက်ထားမယ်၊ မထားဘူးဆိုတာ ကျွန်မတို့ရဲ့ဆုံးဖြတ်ချက်ပါ ရှင်တို့ ဘာမှပြောစရာမလိုဘူး"

"တခြားကလေးတွေကိုပါ သေကျေကုန်မှ ရှင်တို့က ရှင်တို့ကလေးကို ကျောင်းပြောင်းမှာလား"

"လောလောလတ်လတ် ကလေးကို ဆုံးရှုံးထားရသူဖြစ်လို့ မိခင်ချင်း ကိုယ်ချင်းစာပြီး ကျွန်မ ဒီလို မပြောချင်ပေမဲ့ ရှင့်သားကို ကျွန်မသားသတ်ခဲ့တာ မဟုတ်ဘူးလေ"

"မသတ်ပေမဲ့ ရှင့်သား ဘာပြောခဲ့သလဲဆိုတာ ဒီမှာရှိနေတဲ့ ကလေးတွေစလို့ အကုန်လုံးကြားတယ်။ သတင်းမျိုးစုံထွက်နေတဲ့ မကောင်းဆိုးဝါး ကလေးမှန်း သိခဲ့တာတောင် ..."

"ရှင့်ပါးစပ်ကို ပိတ်ထားလိုက်တော့ ... ရှင်ကဘာမို့လို့ ကျွန်မသားကို လာပြောနေရတာလဲ။ ရှင်ကဘာလဲ ..."

"ကျွန်မပြောတာ မှားနေလို့လား ... အသက်လေးကြည့်တော့ ၄နှစ်လောက်လေးက ကျိန်စာတောင် တိုက်တတ်နေတဲ့ မကောင်းဆိုးဝါးကောင်လေး"

"ရှင့်ပါးစပ်ကို ပိတ်ထားလို့ ပြောနေတယ် မဟုတ်လား"

"မပိတ်နိုင်ဘူး ... မကောင်းဆိုးဝါး သွေးတွေပြည့်နေတဲ့ ကလေး။ သေပါစေ ငါ့သားကို ကျိန်စာတိုက်ခဲ့တဲ့အတိုင်း ထပ်တူခံစားရပါစေ ... နင်တို့တွေလဲ ငါဆုံးရှုံးရသလို ဆုံးရှုံးရပါစေ"

၄နှစ်အရွယ်ဆိုတာ အရမ်းကြီး နားမလည်တာတောင် အတော်များများ နားလည်နေပြီမို့ တစ်ဖက်ကလေးမိခင်ရဲ့စကားလုံးတွေကို သားကနား လည်နေပြီး ရှိုက်ရှိုက်ကာ ငိုလာလေတော့ သူမ ထပ်မံပြိုင်ပြောခြင်း မလုပ် တော့ပဲ ထိုအသံတွေနဲ့ဝေးရာဆီ ပြေးထွက်လာခဲ့တော့သည်။ အိမ်ဆီသို့ ပြန်လာရာလမ်းမှာ အလုပ်မှအပြေးပြန်လာသည့် အမျိုးသားနှင့် သွားဆုံ သည့်အခိုက်အတန့် သူမ ထိန်းမထားနိုင်တော့ ယောကျ်ားဖြစ်သူရင်ခွင်ထဲ ပစ်ဝင်ငိုမိတော့သည်။ အမေငိုတော့ သားကပါလိုက်ငိုပြီး အမျိုးသား ကတော့ မိန်းမဖြစ်သူကိုရော သားကိုပါသိမ်းကျုံးဖက်ကာ သက်ပြင်းမော ကြီးကိုသာ ထပ်ခါထပ်ခါ မှုတ်ထုတ်နေရှာသည်။

***

နေ့လယ်ဘက်ဖြစ်သည်မို့ ကစားကွင်းထဲ မည်သူမှရှိမနေ၊ သားတစ် ယောက်တည်း လွတ်လွတ်လပ်လပ် ပြေးလွှားဆော့နေသည်ကို ကြည့်ရင်း က နံဘေးရှိ အမျိုးသားဖြစ်သူထံ သူမအကြည့် ရောက်သွားသည်။ အမေရိ ကန်နိုင်ငံသားစင်စစ်တစ်ဦး၊ လက်ထပ်စဉ်ကာလက တိုင်းတစ်ပါးသားနှင့် လက်ထပ်ရပ့ါမလား အမျိုးဖျက်မစသည့် များပြားသော ဂုဏ်ပုဒ်တွေတပ် ကာ ဘက်ပေါင်းစုံက အပြောခံခဲ့ရသည် သူမကို ဖေးမပြီး စိတ်ပျက်ဟန်မပြ ခဲ့သူ။ ထိုးနှက်လာသည့် စကားလုံးတွေ နှိပ်စက်လာသည့် အကြည့်တွေ ပိတ်ကျသွားအောင်အထိ သူမအပေါ် ချစ်မြတ်နိုးပေးခဲ့သူ။

သူတို့ဘက်ကတော့ အာရှသူနဲ့ယူရပ့ါမလားလို့လည်းမပြော၊ တိုင်းတစ်ပါး သူ ကိုးကွယ်မှုခြင်း မတူသူနှင့် ယူရမလားလည်း မဆူမပူခဲ့သည့်အပြင် စတင်မိတ်ဆက်ပေးသည့် အချိန်ကစလို့ သားလေး၂နှစ်သားခန့်က သွား လည်ခဲ့သည့်အချိန်ထိ နွေးထွေးမှုအပြည့်။

"ကိုယ်တို့သားက ချောလာလိုက်တာနော် သော်တာ"

သော်တာဟူသော မပီကလာပီကလာအသံဖြင့် ပြောလာသည့် ယောကျ်ား ဖြစ်သူ ကြည့်နေရာ နေရာဆီ သူမပါ အကြည့်ရောက်သွားသည်။ ဖခင်ဖြစ် သူထံမှ စိမ်းဖန့်ဖန့်မျက်လုံးတစ်စုံ၊ ထူထဲ နက်မှောင်နေသည့် မျက်ခုံး၊ မချွန် တချွန်နှာခေါင်းလေးနှင့် အရပ်မြင့်မားမှုကို အပိုင်ရထားပြီး မိခင်ဖြစ်သူရဲ့ ဆံပင်အရောင်၊ အသားအရေဝါဝင်းမှုကို ရထားသည့် အမေရိကန်-မြန်မာ ကပြားလေးမို့ သိပ်ကိုခန့်ညားလွန်းသည်။ ခုနကအဖြစ်အပျက်ကို ပြန် စဉ်းစားမိသွားတော့ သူမစိတ်ထဲ တင်းကျပ်လာကာ သက်မသဲ့သဲ့လေး ခိုးချ လိုက်သည့်တိုင် အမျိုးသားဖြစ်သူက ကြားဖြစ်အောင် ကြားသွားသေးသည်။

"သော်တာ ကိုယ်တို့အမေရိကန်မှာ သွားနေကြမလား"

"ရှင် ..."

"ပြောင်းကြစို့ အဲဒီကို"

"Thomas ..."

"ကိုယ် အကြိမ်ကြိမ်အခါခါ ပြန်စဉ်းစားနေပေမဲ့ အဖြေမရဘူး။ သား ဘယ်လိုကြောင့် ဒီလိုဖြစ်သွားရတာလဲဆိုတာ။ လွန်ခဲ့တဲ့တစ်နှစ်နီးပါး ကတည်းက ဒီလိုတွေဖြစ်လာတော့ သူတွေကြား အပြောခံခဲ့ရတာ ဟို ကလေးရဲ့အဖြစ်မှာ ပိုပြီးဆိုးသွားတော့မယ်"

" ... ... ..."

"သားကိုလူကြားထဲ မသိမ်ငယ်စေချင်တော့ဘူး။ သူနဲ့မရင်းနှီးတဲ့ ပတ်ဝန်းကျင်မှာ၊ သူ့အကြောင်း မသိကြတဲ့ ပတ်ဝန်းကျင်မှာ နေစေချင် တယ်။ ကလေးမှာ အရမ်း stress တွေဖြစ်နေပြီ"

"ပြောင်းရွှေ့ဖို့မလွယ်ဘူး။ ရှင့်ရဲ့အလုပ်က ဒီမှာလေ ... ပြီးတော့ ..."

"အဲဒါကိုစိတ်မပူပါနဲ့ ဒီမှာပိုင်ဆိုင်သမျှတွေ ရောင်းချပြီး ဟိုမှာ ကိုယ့်အိမ်

သေးသေးလေး တစ်လုံးတော့ ပြန်ဝယ်နိုင်ပါတယ်။ သော်တာတို့လည်း အဆင်ပြေမယ့်နေရာလေးမှာ အခြေချကြမယ်လေ"

"ကျွန်မ ဟိုရောက်ရင် ဘာမှလုပ်တတ်မယ် မထင်ဘူး"

"ကိုယ်ရှာကျွေးမှာပေါ့။ အက်စီးဒန့်ကြောင့် ဆိုဒ်လုပ်ငန်းခွင်တွေ၊ မတ်တတ် အကြာကြီး ရပ်ပြီး သင်ပြရတာတွေ မလုပ်နိုင်တော့ပေမဲ့ ကိုယ် စိတ်ကူးထားတဲ့ အလုပ်လေးတစ်ခုရှိပြီးသားပါ"

ကလေး ၂နှစ်သားအရွယ် အမေရိကန်သို့ အလည်သွားချိန်က ဖြစ်ခဲ့ရသည့် အက်စီးဒန့်နောက် သားမှာလည်း ထူးခြားသည့်အရာတွေ ပေါ်လာခဲ့သလို အမျိုးသားမှာ ခြေထောက်တော်တော် ထိခိုက်ခဲ့ရပြီး မတ်တတ်အကြာကြီး ရပ်မပြနိုင်တော့ စာသင်ခြင်းအလုပ်ကို သူမလုပ်နိုင်တော့ပေ။ သာမန် ရုံးဝန်ထမ်းဘဝ အဖြစ်သို့ ကူးပြောင်းခဲ့ရသည်။

"သားက မနေ့ကတည်းက ကျွန်မကို ပြောပြတယ်။ ဆုံးသွားတဲ့ကလေးက သူ့လက်ကို အတင်းလာကိုင်လို့ သူရှောင်ခဲ့ပေမဲ့ မျက်လုံးထဲမှာ အဲဒီကလေး ရေဇလားထဲနစ်ပြီး သေသွားတာကို တွေ့ခဲ့တယ်တဲ့။ ပြီးတော့ ဆရာမကို ရော အဲဒီကလေးကိုရော ပြောပြရာကနေ တကယ်ဖြစ်သွားတော့ ..."

"သားက ကျိန်လိုက်တယ်လို့ ထင်သွားကြတာပေါ့"

"မေမေ ... Daddy ..."

အသက်လေးနှစ်ပေမဲ့ မြန်မာလိုရော၊ အင်္ဂလိပ်လိုပါ ကောင်းစွာပြောနိုင်သည့် သားက သူမကို "မေမေ" ဟုခေါ်ပြီး အဖေကိုတော့"Daddy" ဟုခေါ်လာပြီး ဘယ်လိုပင် ပြင်ပေးပါစေ မရခဲ့ပေ။ အခုလည်း ထိုသို့ပင်ခေါ်ကာ အနားသို့ ပြေးကပ်လာခဲ့သည်။

"သား မနက်ဖြန်ကျရင် ..."

"Daddy ... မေမေ ... သား ကျောင်းမသွားချင်တော့ဘူး။ သား သူ့ကို တကယ် ဘာမှမလုပ်ခဲ့ပါဘူး။ သားမြင်ခဲ့တာကိုပဲ ပြောပြခဲ့မိတာ ..."

ဆော့ကစားထားသည့် အရှိန်ကြောင့် ချွေးတွေစို့နေပြီး မျက်လုံးလေးများက တလက်လက်၊ ဝင်းဝါသော အသားအရေက ချွေးကြောင့်ပင် ပို၍ ဝင်းစိုနေခဲ့သည်။ မြင်ရသူတိုင်း နှစ်ခါပြန် လှည့်ကြည့်မိလောက်အောင် သားရဲ့ ရုပ်ရည်က တောက်ပနေပေမဲ့ မျက်လုံးတွေထဲတော့ အမြဲအားငယ်ရိပ်၊ ကြောက်စိတ်နဲ့ သိမ်ငယ်ခြင်းများ ရှိနေစမြဲ။ Thomas ကတော့ သားဖြစ်သူ နဖူးပြင်မှ ချွေးတွေကို ပွတ်သုတ်ကာ

"သား ... Daddy တို့ အိမ်ပြောင်းကြမယ်။ ဘွားဘွားတို့ဆီကို"

"တကယ်လား ... ..."

"တကယ်ပေါ့ အခု ကျောင်းမတက်တော့လည်း ရတယ်ဆိုပေမဲ့ ဟိုရောက်ရင်တော့ ကျောင်းတက်ရမယ်နော်။ သူငယ်ချင်းတွေ ပြန်ဖွဲ့လို့ရတာပေါ့"

"သားက သူများတွေပြောသလို ..."

"မဟုတ်ဘူး။ သူများပြောတာတွေ နားမထောင်နဲ့သား။ သားကသားပဲ။ Daddy တို့နဲ့ အတူတူပဲ"

"ဒါပေမဲ့ သူတို့တွေက မကောင်းဆိုးဝါးတဲ့။ သားကြောင့် သူသေရတာတဲ့။ သူတို့ပြောတာ မှန်မယ် ထင်တယ် သားပြောလိုက်မိလို့ ... "

"Kaung Sett Jayden ..."

နာမည်အပြည့်အစုံကို ခပ်ဆတ်ဆတ်ခေါ်တော့ မျက်လွှာလေးချကာ ငြိမ်ကျသွားသည့် သားကို Thomas က လှမ်းဆွဲကာ တင်းနေအောင် ဖက်လိုက်သည်။

"အဲဒါသူတို့က လူဆိုးလေးတွေမို့ ဒီလိုပြောတာ။ Daddy ရဲ့ သားက၊

ကောင်းဆက်ဂျေဒင်ဆိုတဲ့ Daddy သားက သူများထက် ထူးခြားတဲ့ စွမ်းအားတွေရှိနေရုံပါ ..."

"သားကို ဘယ်သူမှလည်းမခေါ်ဘူး။ ဆရာမတွေကလည်း သားကိုကိုင်ရမှာ ကြောက်နေကြတယ်"

"သူတို့တွေက သား အစွမ်းရှိတာကို မသိသေးလို့ ဒီလိုပြောတာပါ။ သား စူပါမန်းသိတယ်မလား စပိုက်ဒါမန်းလည်း သားသိတယ်လေ။ ဟော ဒီမှာ ကြည့် လင်းနို့လူသား။ သူတို့တွေမှာ အစွမ်းရှိတယ်ဆိုတာ သိတယ်မဟုတ်လား"

"ဟုတ် ... "

"သားကလည်း သူတို့လိုပဲ။ အဲဒါကြောင့် သူများပြောတာ ဂရုမစိုက်နဲ့။ ဒီတိုင်းပဲနေ သား ကြီးလာရင် သူတို့လိုလူတွေက အားကျတဲ့သူတစ်ယောက်ဖြစ်လာမှာ"

မိန်းမဖြစ်သူအကြောင်း ကြားလာလို့ အပြေးလာတဲ့လမ်းမှာ ဝယ်ယူလာခဲ့သည့် အရုပ်လေးကို ထုတ်ပြရင်းပြောတော့ ...

ရှိသမျှ သွားလေးတွေပေါ်အောင် ပြုံးကာ သူ့လက်နဲ့သူ့အမေလက်ကို တစ်ဖက်စီဆွဲရင်း ခိုစီးနေသော သားကိုကြည့်၍ လင်မယားနှစ်ယောက်လုံး သက်ပြင်းချမိသည်။ သားလေးဘဝ အေးချမ်းစေချင်သည်လေ။

***

## Part - 2

Shane"?

ခပ်ဆတ်ဆတ် ပေါ်ထွက်လာသော ခေါ်သံကြောင့် ထမင်းဝိုင်းမှ လှည့်ထွက်နေရာမှ ခြေလှမ်းတန့်သွားကာ သူ လှည့်ကြည့်လိုက်သည်။ 1 စက္ကန့်လောက် ဟူသောသဘောဖြင့် လက်တစ်ချောင်း ထောင်ပြကာ တစ်ရှူးတစ်ရွက်ထုတ်ယူကာ နှုတ်ခမ်းအနှံ့သုတ်နေသည့် ဖခင်ဖြစ်သူကို သူ စောင့်ဆိုင်းနေရသည်။

"သား ဒီလိုပဲနေတော့မှာလား။ သား အသက်က အခုမှ ၁၉နှစ်နော်။ ဂိမ်းကစားတာကို သည်ကြီးမည်းကြီး လုပ်နေရမယ့်အရွယ် မဟုတ်သေးဘူး"

"သား စာလည်းကျက်တယ်၊ အတန်းလည်း မှန်တယ် Daddy တို့နေစေချင်တဲ့အတိုင်း သားနေပေးတယ်။ အဲဒီအတွက် အပိုရနေတဲ့အချိန်တချို့မှာ သား ဝါသနာပါတဲ့အရာကို လုပ်ခွင့်မရှိဘူးလား"

"ဒီနှစ်တွေမှာ Daddy တို့ နားမလည်နိုင်တဲ့အရာတွေ သားမှာ ရှိနေသလို ခံစားနေရတယ်။ တစ်ခုခုများ Daddy တို့ကိုပြောဖို့ရှိရင် ဘယ်တော့မဆို အချိန်ပေးနိုင်တယ်ဆိုတာ သားကို သိစေချင်တယ်"

"ဒီနှစ်တွေမှာ ဂိမ်းတွေကို စိတ်ဝင်စားလာတာမျိုးပဲ သားမှာ ရှိပါတယ်။ အဲဒါကြောင့် စိတ်မပူပါနဲ့"

စကားဆုံးသည်နှင့် အခန်းရှိရာ တောက်လျှောက် လှမ်းခဲ့ကာ အိစက်နေသည့် မွေ့ရာပေါ် ပစ်လှဲချလိုက်သည်။ မျက်နှာကြက်ကို အကြောင်းမဲ့ ငေး

ကြည့်နေမိပြီး ဒီနှစ်တွေမှာ ကိုယ်ဘာဖြစ်နေသလဲ ဆိုတာတောင် သူ ကိုယ်တိုင် နားမလည်နိုင် ထူးဆန်းနေတာ တစ်ခုသာ နားလည်သည်။ အကြီးအကျယ် ပြောင်းလဲခဲ့တာ ဆိုရင်တော့ Online Game တွေကို အရမ်း စိတ်ဝင်စားလာကာ Game တည်ဆောက်ပုံတွေကအစ အသေးစိတ် လိုက် လေ့လာနေမိခြင်းပင်။

မျက်နှာကြက်ကနေ ဘယ်ဘက်ခြမ်းဆီသို့ အကြည့်ရွှေ့လိုက်တော့ Gaming chair လေးတစ်ခုက ဆီးကြိုနေခဲ့သည်။ မိဘတွေက ဂိမ်းစွဲလမ်း နေခြင်းအပေါ် သိပ်နှစ်သက်ပုံမပြသော်လည်း စာပေဘက်မှာ အားမလျော့ ခဲ့ခြင်းကြောင့် ဆုလာဘ်အနေနဲ့ လိုချင်တာ မှန်သမျှ ဝယ်ပေးရှာသည်။

သက်ပြင်းတစ်ချက်ချကာ လှဲနေရာမှ ထထိုင်လိုက်ရင်း လွန်ခဲ့တဲ့ ၂နှစ်က ထွက်ခဲ့သည့် ခရီးတစ်ခုရဲ့အပြန်မှာ ဖြစ်ခဲ့ရသည့် ဖြစ်ရပ်တစ်ခုအကြောင်း သူ ပြန်လည် စဉ်းစားနေမိရင်း ဘာကြောင့်ဆိုသော အဖြေကိုပါ ရလိုရငြား ကြိုးစား အဖြေရှာနေဆဲ။ မကြာခဏရှာပေမဲ့ တစ်ကြိမ်တစ်ခါမှ သူရှာမ တွေ့ခဲ့။

***

နောက်ဆိုရင် လူတွေက သားကို လေးစားအားကျလာမှာတဲ့ ...။ တကယ်တမ်းကျတော့ Daddy ပြောတာ အကြီးကြီး မှားခဲ့တာ။ သာမန် ထက် ထူးခြားနေသည့် စွမ်းရည်တစ်မျိုး၊ လူတစ်ယောက်ရဲ့လက်ဖဝါးကို ဆယ်စက္ကန့်ကြာအောင် ထိမိကိုင်မိရင် နောက်ဆုံး ထွက်သက်ကို မြင်ရ၊ ခံစားရသူ၊ တစ်နည်းအားဖြင့် သေမင်းတမန်တော်လို ဒီလူကတော့ ဘယ်လို ဘယ်ပုံ သေဆုံးရပါမည်ဟု ထုတ်ပြောနေမိတတ်တဲ့ "ကောင်းဆ က်ဂျေဒင်" ဆိုတဲ့ မိမိအတွက် ဘယ်နေရာမှာဖြစ်ဖြစ် မကောင်းသောဘက် က နာမည်ကျော်စောနေဆဲ။

"ကောင်းဆက်"

မေမေ့ခေါ်သံကြောင့် ဖိုင်တစ်ခုကိုင်ထားရာမှ ချလိုက်ကာ လှည့်ကြည့်လိုက်သည်။ အနှစ် ၂၀ ကြာညောင်းခဲ့ပြီမို့ မေမေ့မှာလည်း အရင်လို ပျိုမျစ်နုနယ်ခြင်းတွေ မရှိတော့၊ ဇရာရဲ့သင်္ကေတနဲ့ အရေးအကြောင်းတချို့ပေါ်ပေါက်လာသည့်တိုင် ကောင်းဆက်ရဲ့မျက်လုံးထဲ ဘုရင်မတစ်ပါးသဖွယ်ထင်စွဲကျန်နေဆဲပင်။ မေမေက ထိုဖိုင်လေးကို ကောက်ယူဖတ်ကြည့်ကာ

"ငါ့သားလေး အလုပ်လျှောက်ဖို့ စဉ်းစားနေပြီလား"

"နိုရာ တွေ့ထားတဲ့အလုပ်ပါ မေမေ။ ကျွန်တော် လျှောက်ကြည့်မလားလို့"

"သား အဆင်ပြေပါ့မလား။ လူတွေကြားထဲ သွားလာ ဝင်ဆံ့ဖို့ ..."

"နာမည်ကြီး ဂိမ်း company ဖြစ်ပေမဲ့ လူတွေ အများကြီးကြားထဲ ဝင်ပြောနေစရာ မလိုဘူးတဲ့ မေမေ။ ဂိမ်းပရိုဂရမ် ရေးဆွဲပေးစရာလည်း မလိုဘူး။ အခြား company လို ဌာနတစ်ခုနဲ့တစ်ခု ကူးလူးဆက်နွယ်စရာလည်း မလိုဘူး"

"ဒါဆို ဘာလုပ်ပေးရမှာတဲ့လဲ"

"Testing Team မှာပဲနေရမှာ။ အဲဒီ Universe Game Company က အသစ်ရေးဆွဲလိုက်တဲ့ ဂိမ်းအသစ်တွေကို ကျွန်တော်တို့ Testing Team က တရားဝင် မရောင်းခင် အရင် ကစားကြည့်ပေးရမှာ။ Error တစ်ခုခုရှိနေတာမျိုး၊ ဘယ်လောက်ကစားကစား Game over မဖြစ်နိုင်တဲ့ ခက်ခဲလွန်းတဲ့ ဂိမ်းဖြစ်နေတာမျိုး စတာတွေတွေ့ရင် ရေးဆွဲတဲ့အဖွဲ့ဆီ ပြန်အကြောင်းကြားပေးရုံပါပဲ"

"သြော် ..."

"ပြီးတော့ ကျွန်တော်လည်း ဒီလိုကြီးနေလို့ မဖြစ်တော့ဘူး။ Daddy

အတွက်လည်း ကူပေးချင်တယ်"

"ကောင်းဆက် သားအဖေကို စိတ်ခုလား။ ဒီကိုပြောင်းလာပြီး ပတ်ဝန်းကျင်အသစ်နဲ့ တွေ့ထိပေးပေမဲ့ အရင်လို အခြေအနေအတိုင်းပဲ တွေ့ကြုံရပြီး အစကနေ အမြဲစိတ်ဆင်းရဲရလို့ သားအဖေကို အပြစ်တင်လား"

"ကျွန်တော်က Daddy အပေါ် အားနာစိတ်ပဲရှိတာပါမေမေ။ ဘာကြောင့်မှန်းမသိ ပြောင်းလဲလာခဲ့တဲ့ ကျွန်တော့်ရဲ့ဖြစ်တည်မှုအပေါ် ကာကွယ်ပေးလို့၊ စောင့်ရှောက်ပေးလို့၊ အရင်လို အခြေအနေအတိုင်းပဲ ပြန်ပြန်ကြုံရတယ်ဆိုတာလည်း ကျွန်တော်ကိုယ်တိုင် ဖန်တီးခဲ့မိတာတွေ ချည်းပါပဲ"

တကယ်လည်း ထိုအတိုင်းပင်။ ပြောင်းလာခဲ့ပြီးသည့်တိုင်အောင် အသက်ငယ်လွန်သေးသည့် မိမိက ကိုယ့်ထူးခြားမှုအပေါ် မထိန်းချုပ်နိုင်ခဲ့။ မကြာခဏဆိုသလို လူတွေကို လိုက်ထိကိုင်နေခဲ့မိပြီး တားမြစ်ချင်သည့်ဆန္ဒ၊ ရှောင်စေချင်သည့် ဆန္ဒတွေ တသီကြီးဖြင့် သတ်မှတ်ချက်တွေ ရှိသည့်တိုင်အောင် ထုတ်ပြောခဲ့မိသည့် အကျိုးဆက်တွေက မကောင်းသော နိမိတ်ကိုယူဆောင်သူ၊ ကျိန်စာတိုက်သူအဖြစ် နာမည်ရလာခဲ့ခြင်းပင်။

ထို့နောက်တော့ မည်သူ့ကိုမှမထိကိုင်၊ ကြည့်မပေးတော့ပဲ မတော်တဆထိမိခြင်းမှ ကင်းဝေးစေရန် လက်အိတ် အများအပြားကို ဝယ်ယူထားခဲ့ပြီး မချွတ်တမ်း ဝတ်ဆင်ခဲ့ပြီး ဘယ်သူ့ကိုမှလည်း မပေါင်းတော့။ ထို့အတူ မည်သူကမှ မပေါင်းချင်ခဲ့ကြသည့် ကောင်းဆက်မှာ ရှားရှားပါးပါး "နိုရာမင်းမောင်" ဆိုသော မြန်မာလူမျိုး သူငယ်ချင်းတစ်ယောက်သာ ရရှိခဲ့သည်။ အတွေးတွေနဲ့ ငြိမ်သက်သွားသည့် မိမိကိုကြည့်ကာ မေမေက ထပ်ပြောလာခဲ့သည်။

"သားရဲ့အဖေက သားကို ဘယ်လောက်ချစ်တယ်ဆိုတာ သိတယ် မဟုတ်

လား။ သားကို သူ ငြိုငြင်တာမျိုး လုံးဝ ..."

"သိပါတယ် မေမေ။ ကျွန်တော် သိပါတယ်။ Daddy လည်း အသက်ရနေပြီမို့ အိမ်ရဲ့တာဝန်တွေကို တစ်ဖက်တစ်လမ်းကနေ ကျွန်တော် နိုင်သလောက် ထမ်းချင်လို့ ဒီအလုပ်ကို လျှောက်မယ်လို့ ပြောတာပါ"

"ငါ့သားလေး အရမ်း အရွယ်ရောက်လာပြီပဲ"

"အန်တီသော်တာရေ ... ..."

မေမေ့ရဲ့မှတ်ချက်နဲ့အတူ အော်ခေါ်သံတစ်ချက်နဲ့ အိမ်ပေါ်တန်းတက်လာပါသော နိုရာမင်းမောင်။ မနက် ၈ နာရီဆိုသည့် အချိန်ကြီး ရောက်ချလာပြီး မိမိကိုတွေ့သည်နှင့် သွားအကုန်ပေါ်အောင် ရယ်ပြလာသည်။

"ဘာလဲ ... ရယ်စရာ ဘာရှိနေလို့လဲ"

"မနက်ဖြန် အလုပ် လျှောက်လာတင်တာလေ မင်းပါတင်မယ် မဟုတ်လားလို့။ ငါ တစ်ယောက်တည်း ဖြစ်နေမှာစိုးလို့"

"အင်း ..."

"တကယ်လား။ ပျော်လိုက်တာကွာ ဗိုက်တောင် ဆာသွားပြီ။ အန်တီသော်တာ ဒီနေ့မနက်စာ ဘာစားကြတာလဲ"

ပျော်တာနဲ့ဗိုက်ဆာတာ လားလားမှ မသက်ဆိုင်တာကို တွဲပြောသွားတော့ မေမေ့က နိုရာကိုခေါ်ကာ ထမင်းစားခန်းဆီ ဝင်သွားသည်။ Deli ဝတ်စုံလေး ဝတ်၍ အပြင်ထွက်လာသည့် Daddy က မိမိကိုလက်ပြကာ ဆိုင်ကယ်လေးမောင်း၍ ထွက်သွားပြီးနောက် အနောက်ဘက် ထမင်းစားခန်းဆီသို့ ကောင်းဆက် ထထွက်ခဲ့သည်။

မေမေ့မွေးရပ်မြေကနေ ပိုင်ဆိုင်သမျှ အကုန်ရောင်းချပြီး ပြောင်းလာခဲ့ရတဲ့ ဘဝက ပန်းခင်းလမ်းမဖြစ်ခဲ့၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်တဲ့ မိဘတွေ

က ပိုင်ဆိုင်မှု ရောင်းချငွေထဲက ရပ်ကွက်သေးသေးလေးတစ်ခုမှာ လက်ရှိနေအိမ်လေးရအောင် ဝယ်သည်။ ဆိုင်သေးသေးလေး တစ်ဆိုင်ကို Daddy က သူငယ်ချင်းတွေနှင့် စပ်တူဖွင့်ပြီး စားဝတ်နေရေးကို ထိန်းကျောင်းလာသည်မှာ ဆယ်နှစ်နီးပါး။ မပိုမလျှံပေမဲ့ မချို့တဲ့။ ထို့အတူ လူတွေကိုကြောက်နေပြီး မကောင်းမြင်တတ်လာတဲ့ မိမိကိုလည်း မင်းသားတစ်ပါးသဖွယ် စောင့်ရှောက်ပေးရှာသည်။

လက်ရှိနေသည့် ရပ်ကွက်ထဲကပင် နိုရာမင်းမောင်နဲ့ တွေ့ဆုံခဲ့ရခြင်း။ မိဘနှစ်ပါးလုံးက မြန်မာဖြစ်ပြီး ရွှေ့ပြောင်းအနေနဲ့ ပြောင်းလာခဲ့ကြသည်မှာ နိုရာမမွေးခင်ကတည်းက ဖြစ်သည်။ အသက်ရွယ်တူမို့ ကျောင်းချင်းပါတူပြီး ကောင်းဆက်ရဲ့အကြောင်းများ သိလာသည့်တိုင် ရှုတ်ချကြောက်ရွံ့ခြင်းမရှိ အားတောင်ကျနေသူလည်း ဖြစ်ပြန်သည်။ နိုရာမင်းမောင်တင်မက သူ့မိဘတွေကပါ ဖေးမပေးကြတော့ ထိုအချိန်မှစ၍ နှစ်အိမ့်တစ်အိမ် ဖြစ်မှန်းမသိ ဖြစ်ခဲ့ကြခြင်းပင်။

***

Company ဆင်ဝင်အောက်သို့ ပြောင်လက်နေသည့် ကားအမည်းရောင်တစ်စီး ထိုးဆိုက်လိုက်သည်နှင့် တစ်ပြိုင်နက် အဝင်ဝဆီသို့ ဝန်ထမ်းတချို့အပြေးလေး ရောက်လာခဲ့သည်။ အနောက်ခန်းမှာ ထိုင်လာသူကတော့ ယာဉ်မောင်းလာဖွင့်ပေးသည့် အချိန်ထိမစောင့် သူ့ဘာသာဖွင့်၍ ဆင်းချလာပြီး အဝင်ဝကိုဖြတ်ကာ Lift ရှိရာနေရာဆီသို့ တည့်တည့်မတ်မတ် သွားနေတော့သည်။

6 ပေနှစ်လက်မခန့်အရပ်ကြီးနှင့် လိုက်ဖက်လှသော ခြေလှမ်းကြဲကြီးများကို ပိုမိုလိုက်ဖက်အောင် တန်ဆာဆင်ပေးနေတာက အနက်ရောင် ရှူးဖိနပ်တွေပင်ဖြစ်သည်။ နက်ပြာရောင် Formal suite ကို အပြည့်အစုံ ဝတ်ဆင်

ထားကာ သေသပ်စွာ လှန်တင်ဖြီးထားသည့် ဆံစတချို့ ခပ်ချွန်ချွန်နှာတံရဲ့ ဘေးတစ်ဖက်တစ်ချက်စီမှာ မီးခိုးရောင်မျက်လုံးတစ်စုံ ရှိသည်။ အောက်မျက်ခမ်းစပ်က မျက်တောင်လေးတွေကအစ ကော့ညွတ်နေပြီး အတော်လေး ချောမောခန့်ညားသည့် ထိုအမျိုးသားက Universe ရဲ့ Company ပိုင်ရှင် ...

"Olivier Shane"

ဖိုင်တွဲကို ငုံ့ကြည့်နေသည့် ထိုလူရဲ့အပေါ် မှန်ချပ်ဆီက နေထိုးထားမှုကြောင့် မျက်တောင်ရှည်များရဲ့ အရိပ်က မျက်နှာပေါ်ကျနေပြီး ဘယ်ဘက်မျက်ခွံပေါ်က မှဲ့နက်နက်လေးမှာလည်း နေရောင်ထဲ ထင်းလို့နေသည်။ ထိုလူက သူ၏ ပိရိပါးလျားသည့် နှုတ်ခမ်းတစ်စုံကို ဖွင့်ဟလိုက်ရင်းဖြင့် အကြည့်တွေကလည်း နံဘေးမှလူထံသို့ ရောက်ရှိသွားသည်။

"မနက်ဖြန် အင်တာဗျူးစချင်တယ်"

"လျှောက်လွှာက မနက်ဖြန်အထိ လက်ခံမယ်လို့ ကြော်ငြာထားပြီးသားဖြစ်နေပါတယ် သူဌေး"

"ဟုတ်လား ... ဆက်လက်ခံလို့လည်း ရပါတယ်။ မနက်ဖြန် ကျွန်တော်ရောက်တဲ့အချိန်ထိ လာလျှောက်သူတွေထဲက တချို့ရယ် အရင်လျှောက်လွှာပို့ထားသူတွေထဲက တချို့ရယ်ကို အင်တာဗျူးချင်တယ်။ ကျွန်တော်ပါ ရှိနေမှာ"

"ကောင်းပါပြီ ကျွန်တော် ပြင်ဆင်ထားလိုက်ပါမယ်"

ကိုယ်ပိုင်အခန်းလေးထဲ ဝင်လိုက်သည်နှင့် ဖိုင်တွဲပေါင်း မြောက်မြားစွာက Shane ကို ဆီးကြိုနေခဲ့သည်။ အခန်းထောင့်ဆီက ကော်ဖီဖျော်စက်လေးထံသွားကာ ပြင်ဆင်နေရင်းနှင့် ဘေးတစ်စောင်း မြင်နေရသည့်

မိသားစု ဓာတ်ပုံတစ်ပုံထံသို့ အကြည့် ရောက်သွားခဲ့ရပြီး ရောက်သွားတိုင်းလည်း သက်ပြင်းတစ်ခု ကျိတ်ချမိစမြဲ။

အသက် ၃၀ အရွယ်မှာတင် စီးပွားရေးလောကထဲ နာမည်ကျော်ကြားတဲ့ အနောက်တိုင်းသားတစ်ဦးအဖြစ်၊ ဆွဲဆောင်မှုရှိသည့် သွင်ပြင်ပိုင်ရှင်အဖြစ်၊ အလှူအတန်း ရက်ရောပြီး အလွှာပေါင်းစုံက လူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးတတ်သူ အမေရိကန်လူမျိုး သူဌေးတစ်ဦးအဖြစ်၊ ချမ်းသာပြည့်စုံလွန်းသူလို့ နာမည်ကျော်ကြားကာ အများအားကျကြသည့် ထိုအမျိုးသားအတွက် ဘယ်တော့မှ ပြည့်စုံလာလိမ့်မည်မဟုတ်သည့်ကိစ္စတစ်ခု ရှိနေခဲ့သည်။

Olivier Shane ဆိုသည့်သူ့မှာ မိဘနှစ်ပါးလုံး မရှိတော့တာပင်။ အောင်မြင်မှုတွေ တသီတန်းကြီး ရလာခဲ့ချိန် စောင့်ရှောက်ပေးရမည့် မိဘမရှိတော့၊ အခက်အခဲကြုံလို့ ပြေးဝင် ခိုတွယ်ချင်သည့် ရင်ခွင်နှစ်ခုမရှိတော့ သူ့ထံမှ ထာဝရ ပျောက်ကွယ်သွားခဲ့သည်မှာ သတ်မှတ်ပြီးသား ကံကြမ္မာတစ်ခုကို ပြင်ဆင်ပေးခဲ့မိလို့ပင် ဖြစ်သည်။

***

Part-3

ကိုယ်တစ်ပိုင်းမြင်ရသည့် မှန်လေးရှေ့မှာ ကောင်းဆက်ရပ်ကာ မိမိသွင်ပြင်ကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ Daddy ဝယ်ပေးထားသည့် အညိုရောင် Suite။ ဈေးမကြီးသော်လည်း ပွဲတော့တိုးသည်။ ဦးထုပ်လေးကိုင်ကာ အတွင်းခန်းမှ ထွက်လာသည့် Daddy က မိမိကို သေသေချာချာ ကြည့်ကာ မီးဖိုခန်းထဲက မေ့မေ့ကို လှမ်းခေါ်တော့သည်။

"သော်တာ ... ငါ့သားကို ကြည့်စမ်း။ ဘယ်လောက်ချောလဲဆိုတာ"

Darling တွေ Honey တွေမခေါ်ပဲတောင် သော်တာဟူသော Daddy ရဲ့ မပီကလာပီကလာနဲ့ Thomas ဟူသော မေမေ့ရဲ့ခေါ်သံကနေတစ်ဆင့် သူတို့ရဲ့ချစ်ခြင်းမေတ္တာ နက်ရှိုင်းမှုကို ခံစားမိနေသည်။

"ရှင်က ကိုယ့်ငါးချဉ် ကိုယ်ပြန်ချဉ်နေပြန်ပြီ"

ထိုသို့သာဆိုသော်လည်း မျက်လုံးထဲက အရိပ်အယောင်တွေကတော့ လိမ်မရ၊ ပီတိဖြာနေခဲ့သည့် မိဘနှစ်ပါးကို ကြည့်ပြီး ကောင်းဆက်ပြုံးမိတော့ ဘယ်ဘက်နှုတ်ခမ်းထောင့်မှာ ဖျတ်ခနဲပေါ်လာသည့် ခပ်နက်နက်ချိုင့်လေးတစ်ခု။ ပါးချိုင့်လည်းမဟုတ်ဘဲ တချို့က တွင်းဟုခေါ်ဆိုကြသည့် အချိုင့်လေးတစ်ခုပင်။

"ကောင်း ... ဆက် ... ဂျေ ... ဒင် ..."

နာမည်ကိုတစ်လုံးချင်းစီ အကျယ်ကြီး အော်ခေါ်လိုက်သည့် နိုရာမင်းမောင်အသံ ကြားတော့ ဖိုင်လေး ကောက်ဆွဲယူလိုက်ကာ အပြင်ထွက်ရန်

ပြင်လိုက်သည်။

"ကျွန်တော် သွားတော့မယ် မေမေ။ Daddy ကျွန်တော် သွားတော့မယ်"

"သား ... လက်အိတ် ... လက်အိတ် ယူသွားဦး"

"နေ ... Daddy မယူတော့ဘူး။ လက်အိတ်စွပ်ထားရင် ထူးဆန်းနေကုန်လိမ့်မယ်"

အပြင်မှာ ရောက်နေသည့် နိုရာမင်းမောင်ကလည်း တော်တော် သပ်ရပ်ပြီး ကြည့်လို့ ကောင်းနေတာ အမှန်။ သို့သော် အင်္ကျီကတော့ သူနဲ့ အနည်းငယ် ကျပ်နေသလိုပင်။ ခပ်ဖိုင့်ဖိုင့် ကိုယ်လုံးလေးရှိပြီး မျက်မှန်လေးနဲ့ နိုရာက အပြုံးချိုကာ ပွင့်လင်းမှုကြောင့် လူချစ်လူခင် အတော်ပေါ်များသည်။ သူ့အနား ရောက်သည်နှင့် ဘာမှ မပြောရသေးခင်မှာပင် ...။

"ငါ နည်းနည်း နောက်ကျသွားတယ်။ အမေက အင်္ကျီဝယ်လာတာ နည်းနည်း ကျပ်နေတာနဲ့ တခြား ဝတ်စုံဝတ်ရမလား လျှောက်ရှာကြည့်နေလို့"

"နည်းနည်း နောက်ကျတာကလည်း နာရီဝက်ပဲ နိုရာ။ ဖောင်ပိတ်သွားရင် မင်းပဲ"

"မပိတ်ပါဘူးဟ ငါဖုန်းဆက်ပြီး အကြောင်းကြားထားတယ်။ ကျွန်တော်တို့တွေ လာမယ်။ ဖောင်မပိတ်ဘဲ စောင့်နေစမ်း ဆိုပြီး"

ဟန်ပါပါ ကိုယ်နေဟန်ထား၊ အသံဖြင့် တစ်ဖက်ကို အမိန့်ပေးနေသည့်ပုံစံဖမ်းကာ နိုရာကိုကြည့်ကာ ကောင်းဆက်မှာ အူလိုက်သည်းလိုက်ကို ရယ်မိပြီးနောက် ပထမဦးဆုံး အလုပ် လျှောက်လွှာတင်ရန် ထွက်လာခဲ့ကြတော့သည်။ ပထမဆုံးအကြိမ် အလုပ်လျှောက်ခြင်း၊ လူတွေကြားထဲ အလုပ်လုပ်ရန် စတင်ပြင်ဆင်ခြင်း၊ ပထမဆုံး လျှောက်သည့်အလုပ်ကလည်း Company အကြီးတွေထဲက တစ်ခုပေမို့ ရင်ခုန်ခြင်းက အတိုင်းအဆမရှိ

ပေ။ လက်အိတ်မပါသည့် အေးစက်စက် လက်ဖဝါးနှစ်ဖက်ကို မကြာခဏ ပွတ်တိုက်မိနေကာ လှုပ်ရှားနေသည့်စိတ်ကို ငြိမ်သက်အောင် ထိန်းယူနေရသည်။

နိုရာ့ထံက ရိပ်ခနဲလှုပ်ရှားမှုကြောင့် လက်ကို အမြန်မြှောက်လိုက်တော့ ဆုပ်ကိုင်ခြင်း ခံရမည့်ဘေးက သီသီလေး လွတ်မြောက်သွားခဲ့သည်။ အလစ်အငိုက်မှာ ဖမ်းဆွဲလိုက်သော်လည်း မမိလိုက်သည့် အဖြစ်ကြောင့် နိုရာက အကြောင်းမဲ့ လာရယ်ပြနေသည်။

"ငါမကြိုက်ဘူးလို့ မင်းကို ပြောဖူးတယ်နော် နိုရာမင်းမောင်"

"မင်းကလည်းကွာ ငါ့ကိုပြောပြပ့ါလား။ ဘယ်လိုပဲဖြစ်ဖြစ် ငါလက်ခံနိုင်တယ် ကြိုသိရတော့ ပြင်ထားလို့ ရတယ်လေနော် ကောင်းဆက် ..."

"ဟင့်အင်း ..."

"ငါ ကတိပေးတယ်ကွာ ဘယ်သူ့ကိုမှ ပြန်မပြောဘူး။ မင်းကိုလည်း အတင်းအကြပ် မမေးဘူး။ ဒီတိုင်းလေး အရိပ်အမြွက် ... ဟေ့ကောင် ကောင်းဆက် ... ငါ့ကိုစောင့်ဦး ..."

သူ့စကားမဆုံးသေးခင် ပြေးထွက်လာသည့် မိမိကိုနိုရာက ခဏ ကြောင်ကြည့်နေခဲ့ပြီးမှ အသံကုန်အော်ကာ ပြေးလိုက်လာသည်။ အဆောက်အအုံကြီး တစ်ခုလုံးရဲ့အမြင့် ဘယ်လောက်ရှိလဲတော့ မသိရ မော့်ကြည့်နေမိတဲ့ ကောင်းဆက်ရဲ့နိုရာ့ လည်ပင်းကတော့ အနောက်သို့ ပြုတ်ကျလုမတတ်။

"ကောင်းဆက် ဒီ company က အရမ်းမိုက်တယ်ကွာ အလုပ်ရရင် ငါ သေပျော်ပါပြီ"

"လူတွေ အများကြီး လျှောက်ကြမှာ သေချာတယ်။ ငါတော့ မျှော်လင့်ချက်တောင် မထားရဲတော့ဘူး"

"စစ်မရောက်ခင် မြားမကုန်စမ်းပါနဲ့ ငါတို့ရဲ့ ရုပ်ပါတွေကိုလည်း ကြည့်ပါဦး။ ဝင်းဝါတဲ့အသားအရေ၊ နက်မှောင်တဲ့ဆံကေသာ၊ အညိုရောင်မျက်ဝန်း ... အဲ ... မင်းကတော့ စိမ်းဖန့်ဖန့်ပေ့ါ။ ငါ့မှာလည်း အပြစ်ပြောစရာဆိုလို့ မဆိုသလောက်လေး အဆီအစ်နေတာပဲ ရှိတယ်"

ပြုံးစိစိ မျက်နှာပေးနဲ့ပြောနေတဲ့ နိုရာကို ကောင်းဆက် ခေါင်းတခါခါနှင့် စိတ်ပျက်သလို ကြည့်လိုက်သည်။ ထို့နောက် သူပြောခဲ့သည့်စကားကို အစပြန်ကောက်ကာ ...

"မင်း ခုနပြောတဲ့ ငါ့မှာလည်း အပြစ်ပြောစရာဆိုလို့ အဆီအစ်တာပဲရှိတယ် ဆိုတာလေ။ ငါ့မှာလည်း ဆိုကတည်းက ငါ့ကိုပါ ထည့်ပြောတာလား။ စိမ်းဖန့်ဖန့်မျက်လုံးက အပြစ်လား"

"မဟုတ်ပါဘူးကွ။ မင်းကို ငါ့သူငယ်ချင်းမို့ မြှောက်ပြောတာ မဟုတ်ဘူး။ ငါ တွေ့ဖူးတဲ့ ကပြားတွေထဲ မင်း အချောဆုံးပဲ၊ မျက်လုံးတွေက ဖန်ဂေါ်လီလုံးလိုပဲ အရမ်းလှတယ်။ တစ်ခါတလေဆို မင်းကိုငါ စိုက်မကြည့်ရဲဘူး"

"ဘာဖြစ်လို့လဲ"

"အဲဒီမျက်လုံးတွေကို ကြည့်ရင်း ကြည့်ရင်း ဘာလို့ ဒီလိုတောက်ပပြီး လှနေတာလဲဆိုပြီး ဇွန်းနဲ့ကော်ထုတ်ကြည့်ချင်စိတ် ဖြစ်ဖြစ်လာလို့"

"ညနေကျရင် မုန့်ဝယ်ကျွေးပါမယ်။ အခုတော့ စလိုက်ကြရအောင် နိုရာ။ ရုပ်ပါကိစ္စ ခေါင်းထဲက ထုတ်လိုက် ဂိမ်းကစားပေးရမယ့် နေရာအတွက် လာလျှောက်တာနော် ငါတို့အခွက် ဘယ်သူမှမကြည့်ဘူး သွားမယ်"

***

"ဒီနေ့ ... တစ်ခါတည်း အင်တာဗျူးဝင်ဖို့ အဆင်ပြေမလား ..."

ကောင်တာမှအစ်မကြီး မေးသံနောက်မှာ ကောင်းဆက်တို့မှာ အချင်းချင်း

ပြန်ကြည့်နေမိသည်။ မဟုတ်ရင် ဘယ်အချိန်ခေါ်မယ်မှန်းမသိတဲ့၊ ခေါ်မှာလားလည်း မသေချာတဲ့ အခြေအနေမှာ ချက်ချင်း အင်တာဗျူးမယ်ဆိုတော့ အစွမ်းကုန်ရယ်ပြကာ ခေါင်းတဆတ်ဆတ် ညိတ်ပြလိုက်တော့သည်။

"ဒါဆို လိုက်ခဲ့ပါ ..."

ရှေ့မှဦးဆောင်သွားသည့် အစ်မနောက် အတွင်းပိုင်း ထည်ဝါလှသည့် ရုံးအတွင်းအပြင်အဆင်များ ငေးကြည့်ရင်းဖြင့် အထပ် 11 ထပ်ရှိ အင်တာဗျူးဝင်ရောက်ရမည့် အခန်းတစ်ခုနားသို့ ရောက်လာခဲ့သည်။

"ဒီမှာ ခဏစောင့်ပါ။ နာမည်ခေါ်တဲ့အခါ ဝင်လို့ရပါပြီ"

"ဟုတ်ကဲ့ပါ"

ထိုအခန်းရှေ့မှာ ချပေးထားသည့် ခုံတွေမှာ အင်တာဗျူးဖြေရန် စောင့်ဆိုင်းနေသူတွေက ဒုန့်ဒေး။ အလှည့်ကျ ဝင်ဖြေသူတွေ၊ ပြန်ထွက်သွားသည့် လူတွေကို ကောင်းဆက် လိုက်ကြည့်နေရင်း လက်ဖျားတွေက အေးစက်လို့ လာခဲ့သည်။

"Mr Kaung Sett Jayden ..."

"Mr Nora Min Maung ... "

"Mr Edward James ..."

နာမည်ခေါ်ခြင်းခံရသည့် မိမိတို့နှစ်ယောက်နှင့် နောက်ထပ်တစ်ယောက်က ထွက်ခေါ်လာသည့် လူအနောက် ထပ်လိုက်ခဲ့ရသည်။ ရုပ်ရှင်တွေထဲမှာ တွေ့ဖူးနေကြ အင်တာဗျူးခန်းမကြီးထဲ လူကြီးပိုင်းဆိုင်ရာလို့ ယူဆရတဲ့ လူ၅ယောက် ထိုင်နေပြီး အလယ်တည့်တည့်က ခုံမှာထိုင်နေတဲ့ လူတစ်ယောက်က မသကာရှိလှ အသက်၃၀ခန့်။

အနောက်တိုင်းသား တစ်ဦးဖြစ်ပြီး နှစ်လိုဖွယ်အပြုံးလေးနဲ့ ပြုံးပြလာပေ

မဲ့ မီးခိုးရောင်မျက်လုံးတစ်စုံနှင့် ပိရိပါးလျားသည့် နှုတ်ခမ်းတစ်စုံကတော့ တိကျပြတ်သားမှုကို ထင်ဟပ်နေသည်။ ထိုလူက အင်တာဗျူး လာဖြေသူများထံ ပြုံးပြနေရင်းက စားပွဲပေါ်ရှိ ဖောင်လေးကို ငုံ့ကြည့်လိုက်ချိန်မှာ ကော့ညွတ်နေသည့် မျက်တောင်တွေက အောက်စိုက်သွားပြီး ဘယ်ဘက်မျက်ခွံပေါ်က မှဲ့နက်လေး ရုတ်တရက် ထွက်ပေါ်လာသည့် ပုံလေးမှာ ဆွဲဆောင်မှု အတော်ရှိသည်ဟု ဆိုရမလိုပင်။ ရုတ်တရက်တောင် အကြည့်မလွှဲနိုင်။

ခဏကြာတော့မှ ထိုလူမျက်နှာပေါ်ရောက်နေသည့် ကိုယ့်အကြည့်တွေကို ကောင်းဆက် လွှဲဖယ်လိုက်ကာ အရှေ့ဘက်မှာ တင်ထားသည့် နာမည်နှင့် ရာထူးပါသော Name board လေးထံသို့ ရွှေ့လိုက်ပြီးနောက် ကောင်းဆက်ရဲ့ မျက်ခုံးထူထူနှစ်ဖက်က မြင့်တက်သွားတော့သည်။

"Olivier Shane

Managing Director"

မြတ်စွာဘုရား ဒီလူက Universe ရဲ့ ပိုင်ရှင်လား။ အသက်ငယ်ငယ်ဆိုတာကို ကြားဖူးခဲ့ပေမဲ့ ဒီလောက်ချောမယ် ငယ်မယ်လို့တော့ မထင်ခဲ့မိပေ။ ပြောပလောက်အောင် အသက်မကွာပေမဲ့ ဘဝကတော့ ကွာခြားလွန်းကာ ပြီးပြည့်စုံသည့်ဘဝကို ထိုလူပိုင်ဆိုင်ထားသည်။

အင်တာဗျူးကတော့ ချောချောမွေ့မွေ့ ပြီးဆုံးသွားခဲ့ပြီး ထိုလူ၅ယောက်ထဲက ၁ယောက်က ကောင်းဆက်တို့ထံ လက်ဆွဲနှုတ်ဆက်ရန် ကမ်းပေးလာချိန်မှာတော့ ပြဿနာစသည်။ အကြောင်းသိနေသော နိုရာက ဖျတ်ခနဲ လှည့်ကြည့်လာသလို မိမိမှာလည်း တစ်ကိုယ်လုံး တောင့်တင်းသွားခဲ့ရသည်။

*ဘယ်လိုလုပ်ရမလဲ ဘယ်လိုလုပ်ရမလဲ ငါ မကိုင်ချင်ဘူး*

စိတ်ထဲသေအောင် ငြင်းဆန်နေသော်ငြား အပြင်ဘက်မှာကတော့ အတော်လေး အခြေအနေ ကောင်းနေခဲ့သည့် အင်တာဗျူးအတွက် အမှတ်မလျော့စေလို။ ခပ်မြန်မြန် နှုတ်ဆက်လိုက်ရင် ပြီးတာပဲလေဟုတွေးကာ အသက်ခပ်ပြင်းပြင်းရှူသွင်း၍ ထိုလူလက်ကို ဆုပ်ကိုင် နှုတ်ဆက်ပြီး လက်ပြန်ရုပ်လိုက်သည်။ သို့သော် ထိုလူက မိမိလက်ကိုမလွှတ်ဘဲ စကားတွေ တတွတ်တွတ် ပြောနေခဲ့သည်။

၆စက္ကန့်

၇စက္ကန့်

၈စက္ကန့်

၉စက္ကန့် ဘုရား ... ဘုရား ... ၁၀ စက္ကန့်ပြည့်တော့မယ်။ ကြောက်ရွံ့ခြင်းကြီးစွာဖြင့် ရေတွက်ရင်းကနေ အချိန်ကား ပြည့်သွားခဲ့လေသည်။ အချိန်ပြည့်သွားသည်နှင့် တစ်ပြိုင်နက်

မျက်စိထဲမှာ အင်တာဗျူးမြင်ကွင်း မရှိတော့ ...။

စက်မှုဇုန်လိုလမ်းမကြီး၊ အကွေ့လေးတစ်နေရာရဲ့ အနည်းငယ် ရှေ့ကျသည့်နေရာမှာ ရပ်ထားသောကားလေးရဲ့ ခေါင်းခန်းမှာ လူတစ်ယောက်က စာရွက်တစ်ခုခုကို စူးစိုက်ကြည့်နေသည်။ ထိုအချိန်မှာပင် ထိုကားလေးဘေးမှ ဖြတ်ကျော်လာသည့် ကွန်တင်နာတစ်စီးက အကွေ့မှကွေ့လိုက်ချိန် ချိတ်တွယ်ထားသည့် ကလစ်များ ပြုတ်ထွက်ကုန်ကာ ပစ္စည်းအပြည့် တင်ဆောင်လာသည့် ကွန်တင်နာကြီးက အထိန်းအကွပ်မဲ့စွာ ထိုကားလေးပေါ် ပိကျသွားသည်။ ကွန်တင်နာအောက်မှာ ကားလေးက မြေကြီးထိအောင် ပြားချပ်သွားသည်ဆိုရင် အထဲကလူဆိုရင်ရော ...

တစ်ကိုယ်လုံးကို တစ်ခုခုနှင့် ဖျစ်ညှစ်လိုက်သည့်အလား အရိုးတွေ အဆစ်

တွေ ပြုတ်ထွက်သွားသလို ခံစားချက်၊ သွေးကြောတွေကို ဆွဲဖြတ်လိုက်သလို နာကျင်မှုကြောင့် အသက်ပင်ရှူမရ၊ မပီဝိုးတဝါး ရေရွတ်ကာ လူကပါ အနောက်ဘက်သို့ ပစ်ထိုင်ကျ သွားရသည်။

"ကောင်းဆက် ..."

လာရောက်ဖေးမတွဲထူရင်း အသံပြုခေါ်နေသည့် နိုရာကိုမှီထားရင်း မိမိရဲ့ ပြောင်းလဲသွားမှုကြောင့် ကြောင်အကာကြည့်နေခဲ့သည့် ခုနကမှ လက်ဆွဲနှုတ်ဆက်ခဲ့သာ လူကိုပါ ကောင်းဆက် သတိထားမိသွားခဲ့သည်။ မြင်လိုက်ရသည့်မြင်ကွင်းထဲမှာ သေသူဝတ်ဆင်ထားသော အဝတ်အစားက အရှေ့မှာ ရပ်နေသည့် ထိုလူ့ရဲ့အဝတ်အစားပင်။ ဒါဆို ဒီလူက သူ့ရဲ့သေဆုံးခြင်းကို ဒီနေ့ တွေ့ကြုံရတော့မှာပေ့ါ။

***

အင်တာဗျူးခန်းမထဲဝင်လာတဲ့ ၃ယောက်လုံးထဲမှ အလယ်မှတစ်ယောက်ကို ဝင်လာလာခြင်းမှာ ကတည်းက သတိထားမိခဲ့သည်မှာ ဘေးကတစ်ယောက်လို အာရှလူမျိုးမဟုတ်၊ နောက်တစ်ယောက်လို အနောက်တိုင်းသားမဟုတ် အမေရိကန်ရုပ်ရည်နဲ့ အာရှအသားအရေ ပေါင်းစပ်ထားသည့် ကပြားရုပ်ရည်လေး တစ်ခုကြောင့်ပင်။

နက်မှောင်နေသည့် ဆံပင်တွေက ရွှေရောင်ပေါက်နေသည့် Shane တို့နဲ့ ကွဲပြားလွန်းပြီး စိမ်းဖန့်ဖန့် မျက်လုံးလေးတွေက အရောင်အသွေးစုံသည့် Crystal ကျောက်မျသကဲ့သို့။ ဝါဝင်းသည့် အသားအရေကြောင့်လည်း လှမ်းကြည့်လိုက်ရုံမျှပင် လင်းထင်းထွက်နေသည်။ ဝင်လျှင်ဝင်လာခြင်း မိမိကဲ့ပြုံးပြမှုကြောင့် ပြန်လည်ပြုံးပြသည့် သူ့ရဲ့နှုတ်ခမ်းထောင့်လေးမှာ ခွက်ခနဲပေါ်လာသည့် တွင်းနက်နက်လေးကို မြင်လိုက်ရပြီးနောက် အကြည့်တွေက ခုံပေါ်မှ Form လေးထံ ရောက်ရှိသွားခဲ့သည်။

*Kaung Sett Jayden

အမေရိကန် - မြန်မာကပြား ... *

သူ့အပါအဝင် ကျန်နှစ်ယောက်မှာလည်း ရုပ်ရည်သန့်ပြန့်ပြီး အင်တာဗျူး တစ်လျှောက်လုံး စိတ်ကျေနပ်ဖွယ်ဖြစ်သည့် အဖြေတွေကို ပေးစွမ်းခဲ့သည်။ အတွေ့အကြုံ မရှိသေးသည့်အတွက် ဘယ်လို ကိုင်တွယ်နိုင်ပါတယ်ဆိုသော အဖြေမရ၊ သို့သော် ဘယ်လို ကြိုးစား သင်ယူခြင်းကြောင်းကိုတော့ သူတို့ရဲ့ မျက်လုံးတွေထဲကတစ်ဆင့် မြင်နေရသည်။ လူငယ်တွေကို အလုပ်အကိုင် အခွင့်အလမ်း ပေးနေတတ်သူ ဖြစ်တဲ့အလျောက် အမှတ်တွေပေးကာ ခန့်အပ်ဖို့တောင် စဉ်းစားနေရင်း Game Programming Department ရဲ့ မန်နေဂျာဖြစ်သူနဲ့ လက်ဆွဲ နှုတ်ဆက်နေကြသည့် ထိုလူငယ်၃ယောက်ကို ကြည့်နေခဲ့သည်။

ထိုအချိန်မှာပင် ထိုကပြားလေးက ရုတ်တရက် မျက်စိမျက်နှာတွေ ပျက် လာ၍ အနောက်ဘက်ကို ခြေလှမ်း ၄ ၅လှမ်းခန့် ယိုင်တိုင်တိုင်ဖြင့် ဆုတ် သွားခဲ့ကာ ဖင်ထိုင်လျက် ပြုတ်ကျသွားပြီး နာကျင်နေပုံရပြီး ထိုကောင် လေးရဲ့နာမည်ကို သူ့သူငယ်ချင်းက အလန့်တကြား လှမ်းအော်မိချိန် Shane ပါယောင်ယမ်းပြီး မတ်တတ်ရပ်မိလိုက်သည်။

အမူအရာပျက်သွားသည့် ထိုကပြားလေးရော သူ့သူငယ်ချင်း ဖြစ်ဟန်တူ သည့် ကောင်လေးရဲ့အမေးစကားတွေက နားမလည်သော်လည်း အမူအရာ အရ ထူးဆန်းနေတာကြောင့် Shane တို့တတွေမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာဆက်လုပ်သင့်လဲဆိုတာကို အဖြေရှာနေရ သည်။ လက်ရှိ Company မှာ အင်တာဗျူးလာဖြေသူမို့ ... တစ်စုံတစ်ခုဖြစ်ခဲ့ လျှင် မိမိမှာသာ တာဝန်ရှိမည်ဖြစ်ကြောင်း Shane ရိပ်မိသည်နှင့် တစ်ပြိုင်နက် အနားသို့ လျှောက်သွားခဲ့သည်။

"အဆင်ပြေရဲ့လား Mr Kaung Sett Jayden"?

ထူမပေးရန် ဟန်ပြင်လိုက်ရင်း မေးလိုက်ပေမဲ့ လှမ်းနေသည့် မိမိလက်ကို ပုတ်ထုတ်လာပြီး ... ။

"Don't touch me"

"Mr Jayden"

"Don't touch me ... ..."

"ဟုတ်ပြီ ဟုတ်ပြီ ကိုယ် မထိတော့ပါဘူး။ ဒါပေမဲ့ မင်းအဆင်ပြေတာ သေချာလား"

အရမ်း သွေးပျက်နေပုံရတာကြောင့် မထိပါကြောင်း လက်နှစ်ဖက်လုံး ကာပြကာ Shane မေးနေပေမဲ့ သူ့အကြည့်တွေက မန်နေဂျာဆီသာ ရောက်နေပြီး ကြည့်တာမှ တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် ကြည့်တဲ့အကြည့်မျိုး။ ထပ်ပြီး သေချာချင်သည့် သဘောကြောင့် ထပ်မံမေးဖို့ ကြံစည်လိုက်ချိန်မှာပင် ထိုကပြားလေးက မန်နေဂျာထံသို့ လက်ညှိုးငေါက်ငေါက် ထိုးကာ ...

"ကျွန်တော် တွေ့လိုက်တယ် ..."

"တွေ့လိုက်တယ် ဘာကို တွေ့လိုက်တာလဲ ..."

"အဲဒီ ... အဲဒီလူ သေသွားတာတွေ့လိုက်တယ်။ ဒီနေ့ သူသေမှာ။ သူ သေလိမ့်မယ် ... ထို့နောက်တွင်တော့ တစ်ခန်းလုံးရှိ လူတွေအားလုံးရဲ့အကြည့်က Programming Manager ထံသို့။

***

Part-4

အခန်းရှိလူအကုန် ဝိုင်းကြည့်ခံရသည့် Programming Manager မှာလည်း ထိုကပြားလေးဆီ တန်ပြန်ကြည့်ရင်းက ကြောင်ငေးစိတ်ကနေ ဒေါသအသွင်သို့ ကူးပြောင်းသွားဟန်ရှိပြီး ထိုကပြားလေးနှင့် အနီးဆုံးနေရာထိရောက်လာပြီးနောက်

"မင်း ခုန ဘာပြောလိုက်တယ် ..."

" ... ... ..."

"ခုနပြောတာ ဘာအဓိပ္ပာယ်လဲ။ ပြန်ပြောစမ်း အခု ... ပြောလေ ..."

ဒေါသအရှိန်ကြောင့် အသံက ဟိန်းထွက်နေပေမဲ့ ထိုကပြားလေးကတော့ ဒေါသတကြီး အော်ဟစ်ခံရခြင်းကို မကြုံခဏကြုံခဲ့ဖူးသူလို မျက်တောင်ပင်မခတ် စူးစူးရဲရဲ ပြန်ကြည့်နေရင်းက မတ်တတ် ထရပ်လာပြီးနောက် တွန့်ကြေသွားသည့် သူ့အဝတ်အစားကို အေးအေးဆေးဆေးပင် ပြန်လည်ပြုပြင်နေခဲ့သည်။ ထိုအပြုအမူက Programming Manager ကို ပို၍ ဒေါသထွက်စေသည်မို့ လက်မောင်းတစ်ဖက်မှ ဆောင့်ဆွဲလိုက်တော့သည်။

"မင်းကိုငါမေးနေတယ် ခုနပြောတာ ဘာအဓိပ္ပာယ်နဲ့ပြောတာလဲလို့ ..."

"ဒီနေ့ ဘယ်မှမသွားဘဲ အိမ်ကိုပြန်နေတာ အကောင်းဆုံးပဲ။ မဟုတ်ရင် ခင်ဗျား သေလိမ့်မယ်"

"ဘာ ..."

"ကျွန်တော့်ဘက်က အဲဒီလောက်ပဲ ပြောနိုင်မယ်"

ပြောပြောဆိုဆို ထိုကပြားလေးက တစ်ဖက်လူရဲ့ဆုပ်ကိုင်ခြင်း ခံထားရသည့် လက်မှရုန်းလိုက်သော်လည်း တစ်ဖက်လူကတော့ ပိုပိုပြီး ဒေါသထွက်ဟန်ဖြင့် အသံက အစွမ်းကုန် ကျယ်လာတော့သည်။

"မင်း မင်း ငါ့ကို ကျိန်စာတိုက်နေတာလား ..."

"ကျွန်တော်ပြောပြီးပြီ အဲဒီလောက်ပဲ ပြောပြလို့ရမယ်လို့။ ယုံတာမယုံတာ ခင်ဗျားအပိုင်း"

"ဒီလိုပြောဆိုပြီး မင်းထွက်သွားလို့ရမလား။ တစ်ဖက်သားကို ဒီလိုတွေ ပြောဆို ကျိန်စာတိုက်ပြီး အေးအေးဆေးဆေး ပြန်သွားလို့ရမလား ..."

"ခင်ဗျားနဲ့ကျွန်တော်က ဘယ်တုန်းကတွေ့ဖူးပြီး ဘာတွေဖြစ်ပျက်ခဲ့ဖူးလို့ ဘာကြောင့် ကျိန်စာတိုက်ရမှာလဲ။ အသုံးမဝင်တာတွေ လျှောက်တွေးနေမယ့်အစား အိမ်မှာ ပြန်နေလိုက်တာ အကောင်းဆုံးပဲ။ မသေချင်ရင်ပေါ့ ..."

"ပြောနေရင်းနဲ့ မင်းငါ့ကို ထပ်ပြောပြန်ပြီ။ ဒီနေ့ ဒီတိုင်းပြန်ဖို့ စိတ်ကူးထဲတောင် ထည့်မထားနဲ့ လူတစ်ယောက်ကို ဆဲဆိုထိခိုက်စေမှုနဲ့ ငါ မင်းကို တရားစွဲမယ်"

"ခင်ဗျားက ဘာမို့လို့လဲ ... ခင်ဗျားသေတာမြင်လို့ မြင်တယ်ပြောတာ ဘာကို ထိခိုက်စေတာလဲ။ ကျုပ်လက်ကိုလွှတ်စမ်း ..."

"ကျုပ်သူငယ်ချင်း လက်ကိုလွှတ် ခင်ဗျားကဘာလဲ လူပါးဝတာလား"

ဒီတစ်ခါတော့ ပြန်လည် အော်ဟစ်ကာ ဆောင့်ရုန်းလိုက်ပြီးနောက် မန်နေဂျာထံသို့ ပြန်စိုက်ကြည့်နေသည့် ထိုကပြားလေး။ ပြဿနာက ထိုမျှနဲ့ မပြီးခဲ့ တစ်ယောက်ကလည်း မသိရင် ကျိန်စာတိုက်သလို စိုက်ကြည့်ပြီး ပြောနေကာ တစ်ယောက်ကလည်း သူ့ကို သေလိမ့်မယ်ပြောတော့ ဒေါသတွေမတရား ထွက်နေသည့်အပြင် ထိုကပြားလေးလက်ကို ဆွဲထားသည့်

မန်နေဂျာရဲ့လက်ကို နောက်ကောင်လေးကပါ အတင်းဝင်ဆွဲဖြုတ်နေတော့ ပြဿနာ ဒီထက်မကြီးခင် Shane ဝင်တားရန် ပြင်လိုက်သည်။

"ခဏလေး နေကြပါဦး။ နှစ်ဖက်စလုံး စိတ်လျှော့ပြီး ..."

"ကျွန်တော်က လျှော့စရာမရှိဘူး သူ့ဒွေးပဲ စဉ်းစားကြည့်ပါ ကျွန်တော်ကို သေလိမ့်မယ်ပြောနေတာ အဲဒီကောင်က"

"ကျွန်တော်မြင်တာကို ပြောနေတာ ... ယုံတာမယုံတာ ခင်ဗျားအပိုင်းလို့ လည်း ပြောပြီးပြီ။ သွားမယ် နိုရာ"

"ဟေ့ကောင် မင်း ငါ့ကိုကျိန်ဆဲသွားပြီး ဒီလိုသွားလို့ရမလား ..."

"ဘာကိစ္စ သွားလို့မရ ရမှာလဲ ခင်ဗျားက ဘာကောင်မို့လို့လဲ"

ဘယ်တော့မှ ထုတ်မပြောတော့ဘူးဟု ဆုံးဖြတ်ခဲ့သော်လည်း ကောင်း ဆက် ထပ်ပြီး ထုတ်ပြောခဲ့မိပြန်ပြီး အခုတော့ အင်တာဗျူးခန်းမထဲ ဝရုန်းသုန်းကားဖြင့် ဆူညံ ပွက်လောရိုက်ကုန်သည်။ ဆက်ပြောချင်စိတ် မ ရှိတော့သော်လည်း တစ်ဖက်လူစကားတွေက ခံနိုင်ဖွယ်ရာမရှိ၊ ဒေါသ အလျောက် ပြန်ပြောမိတော့ ဒေါသမထိန်းနိုင်တော့တဲ့ ထိုလူက ဆွဲထိုးလာ တော့သည်။

ရှောင်ချိန် မရလိုက်တော့သည့်အတွက် ကောင်းဆက်မျက်လုံးတွေကို မှိတ်ချလိုက်ပေမဲ့ ထိုလက်သီးချက်က သူ့ထံရောက်မလာခဲ့။ အလွန်နီးကပ် သည်အထိ ရောက်လာပြီးမှ မရောက်လာတဲ့ လက်သီးချက်ရယ်၊ နှစ်ဦး ကြားထဲ တစ်စုံတစ်ယောက်ဝင်နေသည့် အငွေ့အသက်ကြောင့်ကြောင့် မျက်လုံး ဖွင့်ကြည့်ချိန်မှာတော့ နှစ်ဦးကြားထဲဝင်ရပ်ကာ တစ်ဖက်လူရဲ့ လက်ကို ဖမ်းတားက မြှောက်ထားသော Olivier Shane ...။

မျက်လုံးရှေ့နီးကပ်စွာ မြင်နေရသည့် ကျောပြင်ကြီးနဲ့အတူ သင်းပျံ့နေ

သည့် ယစ်မူးဖွယ်ရာ ရေမွှေးနံ့တစ်ခုကပါ နှာခေါင်းထဲ တိုးဝင်ရောက်ရှိလာသည်။ ထိုသူက မိမိကို စောင်းငဲ့ကြည့်နေသည်မို့ အရင်ဆုံးမြင်ရသည်မှာ မီးခိုးရောင် စူးရှရှမျက်လုံးနှင့် ထိုမှတဆင့် ပိရိတင်းစေ့နေသည့် နှုတ်ခမ်းတစ်စုံ၊ သေချာစွာ ရိတ်သင်ထားမှုကြောင့် ငုတ်စိသေးသေးလေးတွေဖြင့် စိမ်းညို့ညို့ ပါးသိုင်းမွေးများပင် ဖြစ်သည်။

"ကောင်းဆက် ဘာဖြစ်သွားသေးလဲ"

ပြန့်ကျဲနေသည့် ပစ္စည်းတွေထဲက သူ့အိတ်လေးကို ကောက်ယူကာ အနားရောက်လာသည့် နိုရာကို ခေါင်းတစ်ချက်ခါပြရင်း ထိုလူနှစ်ယောက်ရဲ့ စကားသံတွေကို နောက်မှာ ချန်ရစ်ကာ လာရာလမ်းအတိုင်း ပြန်လှည့်ခဲ့ကြတော့သည်။

***

မျက်စိရှေ့တွင် ပေါ်ပေါက်လာသည့် အရှုပ်အထွေးတစ်ခုထဲမှာ မိမိ company မှ အကြီးပိုင်းတစ်ဦးရယ်၊ အလုပ်ခန့်အပ်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်သည့် ဝန်ထမ်းတစ်ယောက်ရယ် ပါဝင် ပတ်သက်နေခဲ့သည်။ နှစ်ဦးသားတွန်းထိုးလိုက်၊ အော်ဟစ်လိုက် ဖြစ်နေကြသည့်အချိန်တွင် ကပြားကောင်လေးအပေါ် ကိုယ်ထိလက်ရောက်ပြုမှုဖို့ ကြိုးစားလိုက်သည့် မိမိဝန်ထမ်းရဲ့ အပြုအမူကို တားဆီးရန် Shane ကြိုးစားလိုက်သော်လည်း အချိန်မမီတော့သည့်အတွက် လုပ်စရာတစ်ခုသာ ရှိသည်။

"ဖျောက်" ခနဲ ထွက်ပေါ်လာသည့် လက်ဖျောက်သံတစ်ချက်နောက် Shane တစ်ယောက်မှလွဲပြီး လောကကြီးတစ်ခုလုံးက နာရီတွေ၊ လှုပ်ခတ်နေတဲ့ သစ်ရွက်တွေ၊ စားပွဲပေါ်က ရေနွေးခွက်ဆီမှ တိုးထွက်နေသည့် အငွေ့လေးတွေ၊ အံ့သြတကြီး ဝိုင်းကြည့်နေကြသည့် လူတွေအပါအဝင် လက်တစ်ကမ်းအကွာဖြင့် တွန်းထိုးနေသည့် လူနှစ်ယောက်စသည့် သက်ရှိ၊

သက်မဲ့အရာတွေ အားလုံးက ကျောက်ရုပ်တွေအလား ရပ်တန့်သွားသည်။

ဟုတ်တာပေါ့ Olivier Shane ဆိုတဲ့ မိမိက အချိန်တွေကို လက်ဖျောက် တစ်ချက်နဲ့ ရပ်တန့်နိုင်စွမ်း ရှိတဲ့သူတစ်ယောက်ပါပဲ။ ကောင်းဆက်ဂျေဒင် ဆိုသော ကပြားလေးရဲ့မျက်နှာကို ထိလုထိခင်ကပ်နေသည့် အကြီးပိုင်း လူကြီးရဲ့လက်ကိုအပေါ်သို့ ဆွဲမြှောက်လိုက်ကာ ထိုသူနှစ်ဦးကြားထဲ ဝင်ရပ် လိုက်သည်။ အရာအားလုံးကို အသက်ပြန်မသွင်းခင် အနောက်ကပ်လျက် မှာ ရှိနေသည့် ထိုကပြားလေးရှိရာ လှည့်ကြည့်လိုက်သေးသည်။

မျက်လုံးတွေ ... Crystal ကျောက်လေးတွေလို လက်လက်ထကာ တောက်ပနေသည့် မျက်လုံးတွေ။ အရပ်ကတော့ မိမိထက် နည်းနည်းပုပေ မဲ့ ကပြားလေးမို့ အသားအရေက ကိုယ်တွေနဲ့ ဘာမှမဆိုင်၊ ဝင်းဝါနေကာ ဆံပင်စများသည်လည်း Shane သိပ်လိုချင်သည့် နက်မှောင်မှောင်လေးများ ကို ထိုကပြားလေးက ပိုင်ဆိုင်ထားသည်။ နောက်ထပ်တစ်ချက် လက်ဖျောက်တီးလိုက်ပြီးတဲ့နောက် စက္ကန့်ပိုင်းအတွင်း အသက်ဝင် လှုပ်ရှားလာသည့် သက်ရှိတွေထဲ ထိုကပြားလေးရဲ့မျက်လုံးလေး တစ်စတစ်စ အသက်ဝင်လာသည်ကို စေ့စေ့ကြည့်နေခဲ့မိသည်မှာ သူ တန်ပြန် ကြည့်လာသည့်အထိပင်။ ထို့နောက်မှာတော့ ထိုကပြားလေးထံမှ အကြည့်ခွာလိုက်ကာ Programming Manager ထံသို့ ပို့လိုက်ပြီးနောက် ...။

"ကျွန်တော် ရှိနေတာကို မျက်စိထဲ မမြင်တာများလား။ ဒီနေရာမှာ ကျွန်တော် တစ်ယောက်လုံး ရှိနေရဲ့နဲ့ ဘာကြောင့်များ တစ်ဖက်လူအပေါ် လက်ပါဖို့ ကြိုးစားခဲ့တာလဲ"

ဒေါသသံကြောင့် အခန်းထဲအသံက အနည်းငယ် ဟိန်းထွက်နေခဲ့ပြီး စူးစူး စိုက်စိုက် ကြည့်နေမှုကြောင့် ထိုမန်နေဂျာမှာ ဖျတ်ခနဲ ခေါင်းငုံ့သွားခဲ့သည်။

"တောင်းပန်ပါတယ် သူဌေး။ နိမိတ်မရှိတဲ့ စကားတွေကြောင့် စိတ်တို

သွားမိလို့ Company Image ကို ထိခိုက်စေနိုင်တဲ့ အပြုအမူတွေ လုပ်ခဲ့မိပါတယ်။ နောက်မဖြစ်စေရပါဘူး"

စိတ်ရှုပ်ထွေးနေဟန်ရှိနေသည့် မိမိဝန်ထမ်းသွင်ပြင်ကြောင့် စိတ်မသက်မသာမှုကိုပါ ရုတ်တရက် ခံစားလိုက်ရပြီး သက်ပြင်းချ၍ နောက်လှည့်ကြည့်လိုက်တော့ ဟိုကောင်လေးတွေ တစ်ယောက်မှ မရှိတော့ပေ။

***

မနက်က အင်တာဗျူးမှာ ပြဿနာတွေ တက်ပြီးနောက် ကောင်းဆက်အိမ်ပြန်ကာ အိပ်နေခဲ့သည်။ မေမေနဲ့ Daddy ကိုလည်း မပြောပြချင်တော့ ပင်ပန်းတယ်ဟုသာ အကြောင်းပြခဲ့ပြီး အိပ်နေခဲ့သည်မှ ဖုန်းသံကြားမှ နိုးလာရသည်အထိ။

"အင်း နိုရာ ... ပြော"

"မင်း အဆင်ပြေရဲ့လား ကောင်းဆက်"

"ဒီလိုမျိုး ထုတ်ပြောပြီး အော်ကြီးဟစ်ကျယ် အဆဲခံရတာကတော့ မဖြစ်တာ ကြာပြီဆိုတော့ ဒေါသထွက်မိတယ်"

"မဟုတ်ဘူး ငါမေးချင်တာက မင်းနေလို့ရော ကောင်းရဲ့လားလို့ပါ"

"ကောင်းပါတယ်။ မင်းသိပါတယ်ကွာ အလွန်ဆုံး မိနစ်ဝက်ပေါ့ ငါခံစားရတာက။ ပြီးရင် ယူပစ်လိုက်သလို ပျောက်သွားတာပဲဟာ"

"အန်တီတို့ကိုရော ပြောထားလား"

"ဟင့်အင်း မင်းလည်းမပြောနဲ့နော် ပေးသိပြီး ဘာမှလုပ်မရတဲ့ကိစ္စကို သူတို့ စိတ်ပင်ပန်းအောင် ငါမပြောချင်တော့ဘူး။ ပြီးတော့ ဒီလိုမျိုးတွေ မဖြစ်တာလည်း ကြာပြီဆိုတော့ ငြိမ်သက်နေတဲ့ သူတို့စိတ်တွေ ငြိမ်လက်စနဲ့ ငြိမ်နေပါစေတော့"

"အင်းပါ ... "

"ငါ့ကို ဖုန်းဆက်တာ ဒီအကြောင်းကြောင့်ပဲလား"

"အမှန်တော့ မုန့်သွားစားရအောင်လို့ ပြောမလို့ပါ။ ထွက်ခဲ့ကွာ ငါဝယ်ကျွေးမယ်"

ညနေတော်တော်ဆောင်းပြီမို့ အအေးဓာတ်က သိသိသာသာကို ပိုလာသည်။ အိမ်နေရင်း သာမန် ခေါင်းစွပ်အင်္ကျီဖြင့်သာ ထွက်လာသည့် ကောင်းဆက်မှာ ထသွားထလာ အပြင်ဝတ် အနွေးထည်အကောင်း၊ ခေါင်းစွပ်၊ မာဖလာပါမကျန် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားကာ လက်ပြနေသည့်နိုရာ့ကို အံ့ဩစွာ ကြည့်သည်။

"ဘယ်တိုင်းပြည်အထိ သွားစားမှာမို့ သပ်သပ်ရပ်ရပ်တွေ ဝတ်လာရတာလဲ နိုရာ။ အရင်ကဆို ဒီအင်္ကျီအပြဲကြီး အပြင်ဝတ်မလာပါနဲ့ကွာလို့တောင် ပြောရတဲ့ကောင်က"

"ဟ ... ဘာတွေလာပြောနေတာလဲ။ နိုရာဆိုတဲ့ငါက Fashing King လေ။ ဘယ်နေရာကိုသွားသွား၊ မီးဖိုချောင်ပဲဝင်ဝင် အဝတ်အစားက လုံးဝ စမတ်ကျ"

"မနက်ကတော့ အင်္ကျီက ကျပ်နေတယ်နော်"

"ဗိုက်ကွာ အဓိကက ငါ့အဆီဗိုက်၊ ခန္ဓာကိုယ်နဲ့ကွက်တိဆိုဒ်ဆို ဗိုက်ကျပ်တယ်။ ဗိုက်အချောင်ဆို ခန္ဓာကိုယ်မှာ အနည်းငယ် ပွသွားတယ်ဆိုတဲ့ ငါ့ရဲ့လော့ဂျစ်ကို ငါဘယ်နှခါပြောပြော အဖေနဲ့အမေက မမှတ်ထားဘူး။ ပြဿနာတော့လည်း မရှိပါဘူး။ ငါ့ရုပ်နဲ့ဗိုက်အဆီကို ထိန်းထားပြီးသား"

"အေးပါကွာ"

"လျှောင်တာလား"

"မဟုတ်ပါဘူး ...။ ဗိုက်ပူရင်လည်း လေ့ကျင့်ခန်းလုပ်လေ"

"နိုး ... နိုး မသေမချင်းမှတ်ထား လင်မရှိတဲ့မိန်းမ မတင့်တယ်ဘူး ဆိုကြသလို ဗိုက်ပြူတ်သွားတဲ့ နိုရာဆိုတာလည်း လောကကြီးထဲ တင့်တယ်မှာမဟုတ်ဘူး"

ဒီတစ်ခါမှာတော့ ထိန်းမရတော့ အော်ရယ်မိလို့ ဖြတ်သွားဖြတ်လာတွေတောင် လှည့်ကြည့်လာကြသည်။ နိုရာ့ကို ကောင်းဆက် ခင်နေရခြင်းအကြောင်းက ဤကဲ့သို့သော အမူအကျင့်တွေကြောင့်ပင်။ မနက်ကကိစ္စကိုထပ်မေးမမေး၊ ဟာသစကားလုံးများဖြင့်သာ သူ့ဘာသာ နေနေရှာသည်။ လျှောက်နေရင်းက စားနေကျ ဆိုင်ငယ်လေးတခုထဲ ဝင်မည်အလုပ်မှာ ဖမ်းဆွဲလာပါသော နိုရာ ...

"ကောင်းဆက် ... လမ်းမကြီးကဆိုင်မှာ သွားစားရအောင်။ အဲဒီက ပါစတာ ကောင်းတယ်"

"ဈေးကြီးတယ် ..."

"ငါကျွေးမှာပါဟ လာစမ်းပါ"

မှာယူထားသည့် အစားအစာကို တူဖြင့်ညှပ်ကာ စားရန် ပြင်လိုက်ချိန်မှာပင် TV မှာ လွှင့်နေတဲ့ သတင်းတစ်ခုတက်လာပြီး Universe Game Company မှ Programming Manager သေဆုံးသွားကြောင်းနှင့် သေဆုံးရသည့် အကြောင်းအရာများ၊ သေဆုံးပုံတွေကအစ Blur တချို့ထားထားပြီး ကျန်တာ အသေးစိတ် လွှင့်ပြနေခဲ့သည်။ မြင်ခဲ့သည့်အတိုင်း ထိုသူစီးလာသည့် ကားလေးမှာ ကွန်တင်နာကြီးအောင် ပြားချပ်နေပြီး ရုပ်အလောင်းတောင် ခုချိန်ထိ ထုတ်လို့မရသေးပေ။

ရုပ်ပျက်ဆင်းပျက်နိုင်စွာ သေဆုံးခြင်းဖြစ်သည့်အပြင် နာမည်ကြီး

Company ကလူဖြစ်ပြီး မကြာခဏဆိုသလို TV Channel တွေမှာ ပေါ်လာတတ်သူမို့ လူအများအပြား သိသူဖြစ်သည့်အလျောက် သူ့သေဆုံးခြင်းသတင်းက စားသောက်ဆိုင်လေးထဲမှာ ရှိတဲ့လူတွေထဲ ကောင်းဆက်နှင့်နိရာမှလွဲ၍ အားလုံးကို အာမေဍိတ်ထွက်စေခဲ့သည်။

ပြောခဲ့ရက်နဲ့ သူမှမယုံတာကို ဘာတတ်နိုင်မှာလဲလေ။ ခေါင်းငုံ့ကာ ဆက်စားနေတဲ့ ကောင်းဆက်ရဲ့မျက်လုံးက အနားမှာ လာရပ်နေသည့် တစ်စုံတစ်ယောက်ရဲ့ ပြောင်လက်နေသော ရှူးဖိနပ်တစ်စုံကို သတိထားမိသည်။ ထိုခြေထောက်တစ်စုံမှတစ်ဆင့် တဖြည်းဖြည်းချင်း မော့ကြည့်လိုက်ချိန်တွင် တွေ့လိုက်ရသူကို အံ့သြတကြီးကြည့်နေရင်း နှုတ်ခမ်းဝမှ အမည်တစ်ခုကတော့ ထိန်းမရစွာ ထွက်သွားခဲ့သည်။

"Olivier Shane ..."

***

## Part-5

ချိန်းဆိုထားရာ ဆိုင်လေးထဲ အချိန်အတိအကျ ရောက်လာခဲ့ပေမဲ့ တစ်ဖက်လူတွေက မိမိထက်စောနေတော့ Shane ခပ်သုတ်သုတ်ဖြင့် ဆိုင်ထဲဝင်လိုက်ပြီးနောက် ဝေ့ဝဲရှာကြည့်လိုက်သည်။ ခေါင်းစွပ်၊ အနွေးထည် အထူနှင့် လက်အိတ်တွေပါ ဝတ်ဆင်ထားသည့် ခပ်ဖိုင့်ဖိုင့် ကောင်လေးတစ်ယောက်နှင့် ကောင်းဆက်ဂျေဒင်က မျက်နှာချင်းဆိုင်ထိုင်နေပြီး ပန်းကန်ထဲက အစားအစာတွေကိုသာ ငုံ့စားနေသည်မှာ ဆိုင်အတွင်း TV ပေါ်မှ Programming Manager သတင်းကိုတောင် ဒီလိုဖြစ်မှာ ကြိုသိနေသည့် အလား တစ်ချက်မှ မော့မကြည့်ကြ။

ကောင်း ဆက် ဂျေ ဒင် ... နာမည်ကို ခပ်တိုးတိုးတစ်လုံးချင်းရေရွတ်၍ ထိုကပြားကောင်လေးရှိရာ စားပွဲဆီသို့ လျှောက်လာခဲ့သည်။ ယနေ့မနက် အင်တာဗျူးဖြေဆိုသူ မြောက်မြားစွာထဲမှ သူ့နာမည်ကိုတော့ ဘာကြောင့် ကောင်းစွာ မှတ်မိနေမှန်း မိမိကိုယ်တိုင်တောင် သေချာမသိ၊ နာမည်ဆန်းလို့ ဖြစ်ပါလိမ့်မယ် နိုရာမောင်မင်းဆိုတဲ့တစ်ယောက် နာမည်ကိုတောင် မှတ်မိနေသည်လေ။ ပါစတာကိုသာ အာရုံပြုငုံ့စားနေသည့် ကောင်းဆက်ဂျေဒင်က သူ့အနား Shane လာရပ်နေသည်ကို ချက်ချင်း သတိပြုမိဟန်မတူ ...။ မိနစ်ဝက်ခန့် ကြာပြီးတော့မှ တဖြည်းဖြည်းချင်း မော့ကြည့်လာကာ ...

"Olivier Shane"

နာမည်ကိုတောင် ရေရွတ်လိုက်သည့်အထိ သူ တော်တော်လေး အံ့ဩ

သွားခဲ့သည်။ ခေါက်ဆွဲဖတ်များ ရစ်ပတ်ထားဆဲ ခက်ရင်းကိုကိုင်ထားပြီး ပါးစပ်ထဲမှာလည်း တစ်လုတ်ခန့် သွတ်သွင်းထားပုံရသည်။ ပါးနှစ်ဖက်က ဖောင်းနေကာ စူးစူးစိုက်စိုက် ပြန်ကြည့်လာသည့် စိမ်းဖန့်ဖန့် မျက်လုံးတွေ ထဲတော့ မေးခွန်းပေါင်းများစွာ ဖြတ်ပြေးလို့နေသည်။

"ကိုယ် ထိုင်လို့ရမလား ကောင်းဆက်ဂျေဒင် ..."

" ... ... ..."

"ထိုင်ခွင့်ရှိမလား"

ပထမတစ်ကြိမ်နှင့် ပြန်မဖြေလာသည့်မေးခွန်းကို ထပ်မံမေးလိုက်တော့ ခက်ရင်းကို အသာချကာ တစ်ခွန်းဆိုလာသည်။

"ထိုင်ချင်ထိုင်ပေ့ါ။ ကျွန်တော့်အပိုင်ခုံတွေမှ မဟုတ်ဘဲ Mr Shane"

ဘုဆတ်ဆတ် အပြောကြောင့် ရယ်ချင်သွားသည့်စိတ်ကို ထိန်းချုပ်ကာ မျက်နှာချင်းဆိုင် ခုံအလွတ်၊ တစ်နည်းအားဖြင့် နိုရာမောင်မင်းဘေးခုံကို ဝင်ထိုင်လိုက်သည်။ ရောက်လာကတည်းက စကားပြောပြီး ထိုင်ခုံပေါ်ထိုင်သည့်အထိ တစ်ချက်လွှဲမဖယ်သွားသည့် စူးစမ်းအကြည့်တွေနဲ့ ထိုကပြား လေးကို ပြန်လည် ကြည့်၍ ပြုံးပြလိုက်သည်။

"ဒီကို ဘယ်လို ရောက်လာလဲဆိုတာကို အံ့သြနေတာလား"

"မအံ့သြပါဘူး။ သူပြောတာပဲ နေမှာပေ့ါ။ ကျွန်ခဲ့တဲ့ CV ထဲမှာလည်း အချက်အလက်အကုန် ရှိနေတာပဲလေ"

နံဘေးမှ နိုရာမောင်မင်းဆိုသည့် ကောင်လေးထံ မေးဆတ်ပြကာ ထို စကားတစ်ခွန်း ပြောပြီးသည်နှင့် ချထားသည့်ခက်ရင်းကို ကောက်ကိုင်၍ ဆက်စားနေသည့် ကောင်းဆက်ဂျေဒင်က ယခုအချိန်ထိ ဝတ်ကျေတန်း ကျေတောင် ပြုံးမပြလေတော့ Shane မှာသာ အပြုံးတွေ တိုးလိုးတန်းလန်း

ဖြင့် နိုရာမောင်မင်းထံ ဆက်ပြုံးပြလိုက်တော့သည်။

"ကျေးဇူးပါ Mr နိုရာမောင်မင်း ..."

"ဟုတ်ကဲ့ ဒါပေမဲ့လေ ကျွန်တော့်နာမည် နိုရာမင်းမောင်ပါ"

"Oh! sorry"

"ရပါတယ်။ ကောင်းဆက် သူက ငါ့ကို ဖုန်းဆက်လာတယ်။ သူ့မန်နေဂျာ ဆုံးသွားတဲ့အကြောင်း ကြားပြီးတော့ မေးစရာတချို့ ရှိနေတာနဲ့ မင်းနဲ့တွေ့ ချင်တယ်ဆိုပြီး ..."

"အင်း ..."

ခပ်တိုတိုသာ ပြန်ဖြေလာသည့် ကောင်းဆက်ဂျေဒင်ရဲ့ အသံအနေအထား အရ သူ့ကို တစ်ဖက်လှည့်နဲ့ခေါ်ထုတ်လာသည့် သူ့သူငယ်ချင်းအပေါ် စိတ်တိုနေသည့်ဟန် ဖြစ်နေတော့ Shane အချိန်မဆွဲလိုတော့။

"ဟုတ်တယ် နေ့လယ်၃နာရီလောက်က မန်နေဂျာဆုံးတယ် ကြားတဲ့ အချိန် လျှောက်လွှာတွေပေါ်က နိုရာမောင်မင်းရဲ့ ..."

"သူ့နာမည် နိုရာမင်းမောင်ပါ။ ခုနကလည်း Mr Shane ကို သူ ပြင်ပေးခဲ့ ပြီးပြီလေ။ အဲဒါအပြင် လျှောက်လွှာပေါ်က သူ့ဖုန်းကို ဆက်ခဲ့သေးတယ်ဆို တော့ သေချာ ကြည့်ခဲ့ပြီးလောက်ပါပြီ နာမည်ကို။ မှားမခေါ်သင့်တော့ဘူး ထင်တယ်"

နက်မှောင်နေသည့် ဆံပင်တွေကို လက်တစ်ဖက်ဖြင့် သပ်တင်ထိုးဖွကာ ပြောလာသည့် ကပြားလေးရဲ့မှုန်ကုပ်ကုပ် အမူအရာ၊ ပြတ်သားသည့် လေသံ၊ ဂျစ်တစ်တစ်ပြောပုံကို ဆွဲဆောင်မှုရှိသည့် ဟန်ပန်တစ်ခုလို မျက်ခုံး တွေ မြင့်တက်သွားသည့်အထိ သဘောတကျ ဖြစ်သွားရသည်။ စီးပွားရေး အပါအဝင် နယ်ပယ်အစုံမှာ ဝင်ဆံ့သူမို့လားမပြောတတ်၊ လက်ရှိအချိန်ထိ

မိမိအပေါ် သူ့လို ရဲရဲဝံ့ဝံ့ ကိုယ်မှန်ရင်မှန်ကြောင်း၊ ဖြစ်သင့်တာက ဒီလို ဖြစ်ကြောင်း ပြောဖူးခဲ့သူမရှိသေး။

အနောက်တိုင်းသားနဲ့ အရှေ့တိုင်းသူတို့ ပေါင်းဖက်မွေးဖွားလာတဲ့ ကပြားလေးတွေမှာ ဒီလို ဆံပင်နက်နက်လေးတွေ၊ ဒီလို Crystal ရောက်မျက်လုံးလေးတွေနဲ့ ဒီလိုအမူအရာတွေ ရှိနေတတ်တာမျိုးများလား။ လူတစ်ယောက်လုံး မျက်စိရှေ့ထားပြီး အတွေးလွန်သွားသည်မှာ သူ့ထံကမေးခွန်းထွက်လာတော့မှသတိပြန်ဝင်လာရသည်။

"ဘာကိစ္စလဲ ..."

***

ရုတ်တရက်ဆန်စွာ ရောက်ရှိလာသည့် Olivier Shane ကြောင့် စိတ်ထဲတစ်မျိုးဖြစ်တာရော၊ ဒီကိစ္စကို ထုတ်မပြောဘဲ တစ်ဖက်လှည့်နဲ့ခေါ်ထုတ်လာသည့် နိုရာ့အပေါ်ဒေါကန်တာရော ပေါင်းသွားကာ အသံက ပုံမှန်ထက်ဆတ်လို့နေသည်။ သာမန် အပြင်အဆင်ဟုတောင် ပြောရခက်သည့် မိမိရဲ့အသွင်အပြင်နဲ့ Formal Suite အပြည့်အစုံနှင့် ကြည့်လိုက်တာနဲ့ လူချမ်းသာထဲကမှန်း သိသာလွန်းသော အပြင်အဆင်နှင့် Olivier Shane ကြောင့် ဆိုင်ထဲမှ အကဲခတ်နေကြသည့် မျက်လုံးတွေကြောင့်လည်း ပါလိမ့်မည်။

ရှေ့တည့်တည့်မှာထိုင်ကာ အသေအချာ စူးစိုက်ကြည့်နေသည့် Olivier Shane ရဲ့အကြည့်တွေကြောင့် ပို၍ပင် အနေကျုံ့သွားကာ ကောင်းဆက်ဘက်မှ စတင် မေးခွန်းထုတ်လိုက်တော့သည်။

"ဘာကိစ္စလဲ"

"မေးစရာရှိလို့"

ဒီလိုပဲဖြေလာမယ်ဆိုတာ သိပြီးသား။ မေးစရာရှိလို့တဲ့။ အဲဒီရဲ့

နောက်ဆက်တွဲကို ကောင်းဆက် သိနေသည်။ အံ့သြတကြီးနဲ့ ဘယ်လိုသိတာလဲဆိုသည့် မေးခွန်းမျိုးပဲ လာမှာအမှန်ပင်။ လူတစ်ယောက်ရဲ့လက်ကို ၁၀စက္ကန့်ကျော်အောင် ကိုင်မိလျှင် ထိုသူရဲ့သေခြင်းတရား မည်သို့မည်ပုံသေမည်ဆိုတာကို မြင်တယ်ပြောရင်ရော ဒီလူယုံမှာတဲ့လား။ ဘယ်ယုံမှာလဲလေ အရင်လူတွေလိုပဲ သူများကို ကျိန်စာတိုက်တဲ့ကောင်၊ နိမိတ်ဖတ်တဲ့ကောင်လို့ပဲ မြင်မှာ။

ထို့ကြောင့် နဖူးပြင်ပေါ် ပြန်ဝဲကျလာသည့်ဆံစတွေကို ဆတ်ခနဲခါတင်လိုက်ကာ သူ့မျက်လုံးတွေထိ စိုက်ကြည့်ပြီးနောက် မဲ့ပြုံးမည်သော အပြုံးတစ်ခုကို ပထမဆုံးအကြိမ်အဖြစ် သူ့ထံသို့ ပြုံးပြလိုက်ပြီးနောက် ...

"ကျွန်တော့်မှာ ဖြေစရာမရှိဘူး အံ့သြလို့လား Mr Shane"

"ဟင့်အင်း မအံ့သြပါဘူး သဘာဝလွန်ဖြစ်နေတာကို တွေ့ဖူးတာ မင်းတစ်ယောက်တည်းမှ မဟုတ်တာ"

နှစ်လိုဖွယ်အပြုံးကို မပြတ်တမ်း ဆင်မြန်းထားကာ ပြန်ဖြေလာသည့် သူ့ရဲ့အဖြေက ကောင်းဆက်ထံက မဲ့ပြုံးတွေကို တစ်ခဏလေးမှာတင် လွင့်ပျောက်သွားစေဖို့ လုံလောက်သည်။ သူ ဘာကိုဆိုလိုချင်တာလဲ။ ဒီလူက မိမိလိုလူမျိုးတွေကို မြင်ဖူးတယ်ဆိုတဲ့အဓိပ္ပယ်ပေါ့။

အတွေးများစွာဖြင့် ငြိမ်သက်သွားမိတော့ သူကတပြန် အကဲခတ်သလိုကြည့်နေခဲ့ပြီး စားပွဲပေါ်မှ ဖန်ခွက်လေးဆီက ရေအနည်းငယ်ကို ယူသောက်ပြီးနောက် ဖန်ခွက်ထိခတ်သံမထွက်စေရပဲ အသာပြန်ချလိုက်သည်။

"Mr ကောင်းဆက် မင်း သူငယ်ချင်းဆီက အကြမ်းဖျင်း ကြားပြီးပေမဲ့ သူကမင်းကိုပဲ တိုက်ရိုက်မေးပါဆိုလို့ ကိုယ်ကိုယ်တိုင် လာတွေ့လိုက်ပါတယ်။ တစ်ယောက်ယောက်ရဲ့လက်ကို ကိုင်လိုက်ရင် တကယ်ပဲ သူ့ရဲ့သေခြင်း

တရားကို မြင်ရတယ်ပေါ့"

"... ... ... ..."

"ထိုက်သင့်သလောက် အကုန်သိထားတာမို့လို့ မဖြေပဲနေတာမျိုးက Mr ကောင်းဆက်အတွက် ဘာအကျိုးမှရှိနေမှာ မဟုတ်ပါဘူး။ ကိုယ်က ဒီနေ့မသိရလည်း နောက်နေ့လာထပ်မေးဦးမှာပဲ။ ထပ်မေးချင်ပါတယ် တစ်ယောက်ယောက်ရဲ့လက်ကိုကိုင်လိုက်ရင် တကယ်ပဲ သူ့ရဲ့သေခြင်းတရားကို မြင်ရတယ်ပေါ့"

အလိုမကျသလို မျက်မှောင်နှစ်ခု တွန့်ချိုးသွားကာ ပို၍ အရောင်လက်လာသည့် စိမ်းဖန့်ဖန့်မျက်လုံးပိုင်ရှင် ထိုကပြားလေးနဲ့ Shane အကြား မျက်လုံးချင်း စစ်တိုက်ခြင်းက စတင်ခဲ့လေပြီ။ နံဘေးမှကောင်လေးကတော့ သူ့သူငယ်ချင်းကိုတစ်လှည့်၊ မိမိကိုတစ်လှည့်ကြည့်ကာ ဘာပြောလို့ပြောရမှန်းမသိစွာ ယောင်ကန်းကန်း။ ခဏအကြာမှာတော့ ထိုကပြားလေးက အနောက်က ဆိုဖာကိုမှီချလိုက်သည် သို့တိုင်အောင်အကြည့်ကတော့ လွှဲဖယ်မသွားခဲ့။

"Mr Shane က သိချင်နေတာဆိုတော့လည်း။ ဆိုပါတော့ Mr Shane သိထားတဲ့အတိုင်းပါပဲ"

"အသေးစိတ်လေး ပြောပြနိုင်မလား"

"ပြောပြလို့ရတဲ့ အတိုင်းအတာတစ်ခုအထိတော့ ရတယ်ဆိုပေမဲ့ တစ်ခုတော့ တစ်ခါတည်း ကြိုပြောထားမယ်။ ဟုတ်ရဲ့လားတွေ၊ မယုံနိုင်ဘူးဆိုတာတွေ စတဲ့ အပိုစကားလုံးတွေ ပြောလာမယ်ဆိုရင်တော့ အခုနေရာမှာကတည်းက လှည့်ပြန်လိုက်ပါ။ အဲဒီလိုစကားလုံးတွေလည်း ကြားခဲ့ရတာတစ်သက်နီးပါးဆိုတော့ အရမ်း ရိုးအီစိတ်ပျက်နေပြီ"

"အဲဒီလိုစကားလုံးတွေ ကိုယ်ကိုယ်တိုင်လည်း မနှစ်သက်ပါဘူး"

"ကျွန်တော့်ကို အံ့ဩစရာ သတ္တဝါတစ်ကောင်လို မကောင်းဆိုးဝါးတစ်ယောက်လို ကြည့်မယ်ဆိုရင်လည်း ... "

ကောင်းဆက်ဆိုသူ ကပြားလေးရဲ့ စကားအသွားအလာကို ကြည့်ခြင်းအားဖြင့် ဒီလိုကြိုတင်မြင်တဲ့ သဘာဝလွန်စွမ်းအင်ကြောင့် လူတွေကြားထဲ ခွဲခြား ဆက်ဆံခြင်းကို တစ်လှေကြီး ခံခဲ့ရသည့်ပုံပင်။ ထို့ကြောင့် သူ့စကားမဆုံးမီပင် Shane လက်တစ်ဖက် ကာပြလိုက်ကာ ...

"ဒီကိုလာတယ်ဆိုတာ အဲဒီလို အထူးအဆန်းအနေနဲ့ မြင်ပြီးလာခဲ့တာမဟုတ်ဘဲ တကယ်ပဲ ဘယ်လိုကြောင့် အတပ်ပြောနိုင်ခဲ့သလဲဆိုတာကို သိချင်လို့ပါ။ ကိုယ့် company က လူက မင်းကြိုတင်မြင်တဲ့အတိုင်း ဖြစ်လာခဲ့တော့ လာမေးတဲ့သဘောပါပဲ"

"အခု ကျွန်တော်နဲ့ပတ်သက်ပြီး ဘာမေးချင်တာလဲ"

"ဒီနေ့ ဘယ်လိုမြင်ခဲ့တာလဲ။ ပြီးတော့ ဒီလိုမြင်တာ ဘယ်လောက်ကြာပြီလဲ"

"အတိအကျတော့ မမှတ်မိတော့ဘူး။ လျှောက်လွှာမှာ ပါတဲ့အတိုင်း ကျွန်တော်က အမေရိကန်အစစ် မဟုတ်တဲ့ ကပြားပါ။ အမေရဲ့နိုင်ငံမှာပဲ မွေးပြီး အဲဒီမှာပဲနေခဲ့ပေမဲ့ ၂နှစ်သားတုန်းကတော့ အဘိုးရှိရာ အမေရိကန်ကို လာလည်ခဲ့တယ်။ အဲဒီကနေ အဘိုးနဲ့အတူတူ အမျိုးတွေရှိရာ နေရာဆီ အလည်လိုက်သွားပြီး မိဘတွေရှိရာကိုပြန်လာတာ လမ်းမှာကားမှောက်ပြီး ပြန်နိုးလာပြီးနောက်ပိုင်း အဲဒီလိုဖြစ်တာပဲ"

"ကားမှောက်တာ"

"အင်း ... "

"မြင်တာကရော မနက်က မြင်တာကိုပြောတာ"

"ကျွန်တော်က လူတစ်ယောက်ရဲ့လက်ကို ၁၀စက္ကန့်ကျော်သွားတဲ့အထိ ဆုပ်ကိုင်မိရင် သူ့ဘယ်လိုဘယ်ပုံသေဆုံးရမလဲ ဆိုတာ မျက်လုံးထဲ မြင်လာတယ်။ ခက်တာက ကျွန်တော် ထိတွေ့လိုက်တဲ့ သူတွေအများစုမှာလည်း အသက်ကြီးမှ သေဆုံးတဲ့ကံမပါဘဲ မကြာခင် သေဆုံးတော့မယ့် လူတွေပဲ ဖြစ်နေတတ်တယ်။ လူတစ်ယောက်ဖြစ်နေတာမို့ အဲဒီဖြစ်ရပ်တွေကနေ တားချင်ခဲ့မိတော့ လုပ်ပိုင်ခွင့်ရှိတဲ့ဘောင်ထဲကနေ ကျွန်တော်ပြောပြခဲ့ပေမဲ့"

"တစ်ယောက်မှ မယုံကြဘူးပေါ့"

"မယုံတာ ပြဿနာ မဟုတ်ပါဘူး။ ထုတ်ပြောပြတဲ့အတိုင်း ဖြစ်ဖြစ်သွားတော့ အကုန်လုံးက ကျွန်တော်ကျိန်စာတိုက်တယ်ပဲ ထင်နေကြတာ။ အခုအချိန်ထိ ကျွန်တော့်ကို မကောင်းဆိုးဝါးတစ်ကောင်လို မမြင်တဲ့သူတစ်ယောက်မှ မရှိဘူး။ မိဘတွေနဲ့နီးရာကလွဲလို့ အဲဒီတော့ ကျွန်တော့်ဘက်က ရှင်းအောင်ပြောချင်တယ် Mr Shane"

" ... ... ..."

"ခင်ဗျားပြောတဲ့ သိချင်လို့လာမေးရုံပါ။ ထူးဆန်းတဲ့သတ္တဝါကြီးလိုမျိုး၊ မကောင်းဆိုးဝါးကြီးလိုမျိုး မမြင်ဘူးဆိုတဲ့အပေါ် ကျွန်တော်မယုံဘူး ..."

"မင်း မယုံပေမဲ့ တကယ် အဲဒီအတိုင်းပဲ"

"မဟုတ်ဘူး။ ရှင်းရှင်းပြောပါ ဘာရည်ရွယ်ချက်နဲ့ ရောက်လာတာလဲ"

မေးတဲ့စကားတွေကို ဝေ့လည်ကြောင်ပတ်ဖြေနေသော ကောင်းဆက်ဂျေဒင်ထံက အကြောင်းအရာတချို့ကို နားထောင်ခဲ့ပြီးတဲ့နောက် ဒီထက် ပိုတိကျတဲ့အရာမျိုးကိုပါ ထပ်သိချင်လာပြီမို့ ဆွပေးမှရတော့မည်မှန်း Shane

သဘောပေါက်လိုက်သည်။ ထို့ကြောင့် ...

"အင်း မင်း ဒီလိုမေးလာတော့လည်း ကိုယ်ဆက်ပြီး မလိမ်ထားချင်ဘူး။ Company ရဲ့ ဝန်ထမ်း သေဆုံးခြင်းအပေါ် တာဝန်အရလာတယ်ဆိုတာထက် ကိုယ်မသိထားတဲ့ အကြောင်းအရာများ ရှိနေမလားလို့ တွေးမိတယ်"

"ဘာကိုဆိုလိုတာလဲ"

"ဥပမာ Programming Manager နဲ့ မင်းနဲ့ကြားမှာ ကိုယ်မသိထားတဲ့ ရန်ငြိုးရန်စတွေများ ရှိခဲ့ပြီး အခွင့်အခါသင့်လို့ မင်းအနေနဲ့ နိမိတ်ဖတ်လိုက်တာမျိုးများလားပေ့ါ ကျိန်စာတိုက်တယ် ပြောမလား"

"Mr Shane ..."

ပြောထွက်လာစေရန် ဆွပေးခဲ့သော်ငြား မေးကြောတွေထောင်ကာ မျက်လုံးအိမ်ထဲ မျက်ရည်တွေလက်လာပြီး ခပ်ဆတ်ဆတ်ခေါ်လာသည့် ကောင်းဆက် သွင်ပြင်၊ တစ်ခွန်းမှ ဝင်မပြောသော်လည်း မျက်လုံးကျွတ်ကျမတတ် စူးစိုက်ကြည့်လာသည့် နိုရာရဲ့မျက်နှာအနေအထားအရ မိမိ လွန်သွားမှန်း သတိပြုမိကာ ဘာတစ်ခွန်းမှ ထပ်မပြောဖြစ်တော့။ ၂မိနစ်ခန့် ငြိမ်သက်သွားခဲ့ကြပြီးနောက် ထိုကပြားလေးက သူ့ရှေ့က ဖန်ခွက်ထဲမှ လက်ကျန်ရေကို အကုန်မော့သောက်ကာ Shane ထံသို့ အကြည့်ပြန်ရွှေ့လာသည်။

"အရင်ကဆို ဘယ်လို ဘာကြောင့်ဆိုတာတွေ ရှင်းပြရတာ စိတ်ကုန်လွန်းလို့ ကျွန်တော်ထပ်ပြီး ဘယ်သူ့ကိုမှ မရှင်းပြတော့ဘူးလို့ ဆုံးဖြတ်ခဲ့ပေမဲ့ ခင်ဗျားအနေနဲ့လဲ ဝန်ထမ်းသေဆုံးရတဲ့အပေါ် တာဝန်အရ သိချင်တာတွေရှိလို့ ဒီလိုမေးချတယ်လို့ ကျွန်တော်မှတ်ယူလိုက်ပါမယ်။ အဲဒီအတွက် ကျွန်တော်မြင်ခဲ့သမျှကိုလည်း ပြောပြမယ်"

"... ... ..."

"ဒီနေ့ ကျွန်တော့်လက်ကို သူ ဆွဲထားပြီးနောက်မှာ သူ ဘယ်လိုသေရမလဲဆိုတာ မြင်ခဲ့တယ်။ ကားလေးထဲမှာ မောင်းသူနေရာမှာ ထိုင်နေတဲ့သူက ဖိုင်တစ်ခုထဲက စာရွက်စာတမ်းတွေ ထုတ်ဖတ်နေတယ်။ အဲဒီအချိန်မှာ ကွန်တင်နာကားတစ်စီး၊ ပစ္စည်းအပြည့်ပါတဲ့ ကွန်တင်နာကြီးက အကွေ့မှာ သူ့ကားလေးပေါ်ကို အရှိန်နဲ့ပြုတ်ကျသွားခဲ့တာ၊ အရှိန်ရော ဝိတ်ရောပါတော့ ကားက ပြားကပ်လုနီးပါး ဖြစ်သွားပြီး အထဲကလူဆိုရင် ပြောဖွယ်ရာ ဘယ်ရှိပါ့မလဲ ခရမ်းချဉ်သီးကို ဖိညှစ်ချလိုက်သလို သွေးတွေရော၊ ကလီစာတွေပါ ပြကွဲထွက်ကုန်တဲ့ အသားတွေကနေ လွင့်စဉ်ထွက်ကျကုန်တာ။ ခုနသတင်းလွှင့်တုန်းက အလောင်းထုတ်မရသေးဘူးလို့ပြောတယ်။ ထုတ်လို့ရတဲ့အချိန်ကျရင် ကြည့်ကြည့်လိုက်ပါ။ ထိုင်နေတုန်းပိကျခံရတာမို့ ခါးအလည်ကနေကျိုးပြီး ခေါင်းကခြေဖျားကိုထိလုနီးနီးဆိုတာ တွေ့လိမ့်မယ်"

တကယ်တော့ ထိုကပြားလေးထံ ရောက်စအချိန်မှာကတည်းက သေဆုံးသူအလောင်းက ထုတ်လို့ရနှင့်နေခဲ့ပြီး အခင်းဖြစ်ပွားရာနေရာမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် မြင်ကွင်းကို သွားရောက်ကြည့်ခိုင်းခဲ့သော ဝန်ထမ်းထံမှ ဓာတ်ပုံရရှိပြီးသားပင်ဖြစ်သည်။ သွေးသံရဲရဲမြင်ကွင်းဖြစ်လို့ Channel , News နှင့် social platform တွေပေါ် Blur ထားပြီးသားကိုသာ တင်မှာဖြစ်လို့ စရောက်ကတည်းက မိမိနဲ့ စကားထိုင်ပြောနေကြသည့် ကောင်းဆက်ဂျေဒင်နှင့် သူ့သူငယ်ချင်းအနေဖြင့် မည်သို့မှမြင်လိမ့်ဦးမည်မဟုတ်ချေ။

ယခုတော့ တကယ်ပင် အခင်းဖြစ်ရာ နေရာကို သွားရပ်ကြည့်ထားသလား ထင်ရအောင် အတိအကျ၊ ရပ်ကြည့်ရုံနဲ့ မဟုတ်ဘဲ မသိရင် ကိုယ်တိုင် အဲဒီအက်စီးဒန့်ထဲ ပါဝင်နေသလို အသေးစိတ် တိကျလွန်း

နေသည်။ အတွေးများသွားသည့် Shane က သူ့ထံသို့ပြန်ကြည့်တော့ ခပ်ထေ့ထေ့အပြုံးနှင့် ပြုံးပြနေသူ ကောင်းဆက်ဂျေဒင် …။

"ကျွန်တော်ပြောတာ မှန်ရဲ့လား"

"မင်း အဲဒီလောက်ထိ အသေးစိတ်မြင်တယ်ပေါ့"

"ပြောရရင် ဓာတ်ပုံရိုက်ထားသလိုမြင်တယ်။ အဲဒီဖြစ်တဲ့ခဏ ကျွန်တော့်မြင်စိတ်ထဲပေါ်လာသမျှ ပုံရိပ်က ဓာတ်ပုံရိုက်ထားသလို အတိအကျ စိတ်ထဲစွဲနေတယ်"

"မင်း ထိလိုက်မိတဲ့သူ ဘယ်တော့သေမလဲဆိုတာပါ မြင်တာလား"

"ဟင့်အင်း ဘယ်လိုသေမလဲမြင်ပေမဲ့ ဘယ်တော့လဲဆိုတာတော့ ကျွန်တော်မမြင်ဘူး"

"မနက်ကကျတော့ မင်း ဒီနေ့ဖြစ်မှာလို့ ပြောခဲ့တယ်လေ"

"အဲဒါက ကျွန်တော်မြင်လိုက်တဲ့ အခင်းဖြစ်ပွားတဲ့နေရာမှာ သူဝတ်ထားတဲ့ အဝတ်အစားက ဒီနေ့ သူဝတ်ထားတဲ့ဟာနဲ့ တစ်ပုံစံတည်းမို့လို့ ဒီနေ့ဖြစ်မယ်လို့ပြောခဲ့တာ …"

"ပုံသေမရှိဘူးပေါ့ မြင်ပြီးရင် ဘယ်အချိန်၊ ဘယ်နေ့၊ ဘယ်အတောအတွင်း ဖြစ်မယ်ဆိုတာ …"

"မရှိဘူး မြင်ထားတာကြာပြီး အခုထိ ဖြစ်မလာသေးတာလည်း ရှိတယ်"

"မင်းဒီလို ကြိုမြင်နေတာပဲ အဲဒီလူတွေကိုပြောပြပြီး ရှောင်ခိုင်းလို့ မရနိုင်ဘူးလား လူ့အသက် ကယ်ရာလည်း ရောက်တာပေါ့"

စကားဆုံးတော့ ထိုကပြားလေးက ရုတ်တရက်ကြီး ထရယ်သည်။ ရယ်တာမှ ခွက်ထိုးခွက်လန် အသံပြဲကြီးနဲ့ မျက်ရည်တွေပါ ထွက်ကြလာသည့်အထိဆိုတော့ ဘေးဝိုင်းကသူတွေ အကုန် လှည့်ကြည့်လာကြသည်။ ပြော

တဲ့အထဲ ရယ်စရာမပါဘဲထရယ်တော့ စိတ်အနည်းငယ်တိုသွားတဲ့ Shane မျက်နှာက မျက်မှောင်ကုတ်သွားမှာ အမှန်ပေမဲ့ ...

အားရပါးရရယ်လိုက်သည့် ထိုကပြားလေးရဲ့ ဘယ်ဘက်နှုတ်ခမ်းထောင့်ပေါ် ခွက်ခနဲပေါ်လာသည့် ပါးချိုင့်မမည်သော ခွက်ကလေး၊ မြင့်တက်သွားသည့် ပါးမို့အစုံကိုတော့ တစ်ချက်ငေးခနဲဖြစ်ကာ မျက်လုံးမလွှဲဖယ်ပစ်မိသည်အထိ နှစ်သက်သွားခဲ့သည်။ တော်တော်ကြာကြာထိ ရယ်နေသည့်သူက ခဏအကြာမှာတော့ ရယ်ချင်စိတ်ကို မနည်းထိန်းချုပ်ထားရသည့် အသံဖြင့် ပြောလာခဲ့သည်။

"အဲဒီအတွေးကို ကျွန်တော် တစ်ခါမှမတွေးခဲ့ဖူးဘူးလို့ Mr Shane က ထင်နေတာလား။ လူတွေအသက်ကို ကယ်တင်ပေးတဲ့ လူစွမ်းကောင်းကြီး ဖြစ်ချင်ခဲ့တာပေါ့။ ဒါပေမဲ့ ဘယ်သူက ဒီလိုစကားလာပြောလို့ယုံမှာလဲ။ မနက်က ဟိုလူတောင်မယုံလို့ သူ့ကို ကျိန်စာတိုက်တာလား ဘာလားလို့ပြောသလို ခင်ဗျားကိုယ်တိုင်လည်း အဲဒီလိုများ ဖြစ်နေမလားဆိုပြီး အခုလာမေးနေတာလေ မဟုတ်ဘူးလား"

" ... ... ... ... "

"ကျွန်တော် ထိတွေ့လိုက်မိတဲ့ သူတွေထဲမှာ အသက်ကြီးမှ သဘာဝကို မလွန်ဆန်နိုင်လို့ သေရမယ့်သူတွေကိုတော့ တစ်ခွန်းမှမပြောခဲ့ပေမဲ့ မကြာခင် သေဆုံးတော့မယ်လို့ ယူဆရတဲ့သူတွေကို ကျွန်တော်စေတနာနဲ့ လိုက်ပြောဖူးတယ်။ ဘာပြန်ရလဲသိလား ... နိမိတ်ဆိုးကို ခေါ်ဆောင်သူ၊ လူတွေကို ကျိန်စာတိုက်တဲ့သူ မကောင်းဆိုးဝါးကောင်တဲ့၊ နားနဲ့မဆံ့အောင် ကြားရတယ်၊ ရင်ဘတ်ထဲက သည်းမခံနိုင်လောက်အောင် ဝမ်းနည်းနာကျင်တယ်။ အဲဒီလိုတွေ ပြောခံရပေါင်း များလာတော့ ဘယ်သူ့ကိုမှလည်း ကယ်တင်မပေးချင်တော့သလို ဘယ်သူ့ကိုမှလည်း မထိတွေ့ချင်တော့ဘူး။

မနက်ကတောင် အလုပ်လိုအပ်နေလို့ နှုတ်မဆက်ရင် အမှတ်တွေလျော့မှာ စိုးလို့ မလွဲသာလို့ လုပ်ခဲ့ရတာ"

"အဲဒါက မင်း သေချာမပြောဘဲ ရုတ်တရက်ကြီး ထပြောတော့ လူတွေက လက်မခံနိုင်တဲ့ သဘောဖြစ်သွားတာပါ"

"သေချာပဲပြောပြပြ၊ ရုတ်တရက်ပဲ ထပြောပြော သေခြင်းတရားကို မေ့လျော့နေကြတဲ့သူတွေက သေမယ်လို့ပြောရင် ဝူးဝူးဝါးဝါးနဲ့ လက်မခံနိုင်ကြတာ အမှန်ပဲ။ ကျွန်တော်မေးပါရစေ ခင်ဗျားဆိုရင်ရော ယုံမှာလား"

"ယုံတယ်"

ရောက်လာကတည်းက စတိုင်အပြည့်ဖြင့် ခပ်မတ်မတ်ထိုင်နေသည့် Olivier Shane၊ ချမ်းသာသောသူ၊ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးဆိုတော့ ထိုကဲ့သို့သော ကိုယ်နေဟန်ထားကို အမြဲထိုင်ပြနေရင်းက အကျင့်ပါနေတာလားတော့ မပြောတတ်ပေ။ နှုတ်ခမ်းထောင့်တွေ ကွေးညွတ်မတတ် နှစ်လိုဖွယ်အပြုံးတစ်ခုကို ခုထိအောင် တပ်ဆင်ထားပြီး စကားလုံးတိုင်းကို မတိုးမကျယ် လေသံမှန်မှန်ဖြင့် ပြောနေသည့် သူ့ဟန်ပန်၊ ယုတ်စွအဆုံး မိမိအော်ရယ်လိုက်ချိန် အပြုံးမပျက်စေရပဲ မျက်မှောင်ကြုတ်လိုက်သည့် ဟန်ပန်က အစ တကယ်တော့ သိပ်ကို ကြည့်လို့ကောင်းသည်။

ထို့ကြောင့်ပင် နီရာတစ်ယောက်ကတော့ သူ့ဘေးမှ Olivier Shane ကို ငဲ့ကြည့်လိုက်၊ ပြုံးလိုက်၊ မျက်မှောင်ကုတ်လိုက်၊ ကျောဆန့်ကာ ထိုင်ကြည့်လိုက်နှင့် တစ်ယောက်တည်း အလုပ်များနေသည်။ အတုယူကာ လိုက်လုပ်နေခြင်းကို အမြင်ကတ်စွာ စားပွဲအောက်မှ ခြေထောက်ဖြင့် သတိပေးသလို လှမ်းခတ်လိုက်တော့မှ ကိုယ်ရှိန်သတ်သွားတော့သည်။

အမှန်တိုင်း ပြောရမယ်ဆိုရင် မိမိရဲ့စွမ်းအင်တစ်ခုအပေါ် ရှုတ်ချခြင်းကင်းစွာ ပုံမှန်အတိုင်း ပြောဆိုနေပေးသည့် လူတွေထဲမှာတော့ နီရာပြီးလျှင်

Olivier Shane ပင်ဖြစ်သည်။ သူ့ပုံစံမှာ ကြောက်ရွံ့ ရှုတ်ချခြင်းဆိုသည့် ဟန်ပန် တစ်စက်မှရှိမနေ၊ စူးစမ်းလိုခြင်းအပြည့်သာ ရှိနေသည်။ သို့သော် အခုမှတွေ့ဖူးတာ နာရီပိုင်းတောင် မရှိသေးသည့်အပြင် ကိုယ့်ဘဝ အကြောင်းကိုပါ မသိသေးသည့်သူက ဘာပြောပြော အကုန်ယုံပါတယ် ဆို တာအပေါ်တော့ ဘဝင်မကျလှပေ။ ထို့ကြောင့် ...

"အဲဒါ ခင်ဗျား မကြုံသေးလို့ပါ။ ကြုံလာရင် သူများတွေနည်းတူ ခင်ဗျား တုံ့ပြန်မှာပဲ"

"ကိုယ် ဒီလိုတုံ့ပြန်လိမ့်မယ်လိုလ ဘယ်အရာကို မင်းကို ယုံကြည်နေစေ တာလဲ"

"ဘာလို့လဲဆိုတော့ ခင်ဗျားလို အကဲစမ်းတဲ့သူတွေ အများကြီးကြုံခဲ့ဖူးလို့ ပေါ့ Mr Shane။ အဆုံးသတ်မှာ ပြောပြလိုက်ရင် သွေးပျက်ပြီး တုံ့ပြန်လာ ကြသူတွေချည်းပဲ"

"ကိုယ်က အဲဒီလူတွေထဲတစ်ယောက်မဟုတ်ဘူး"

"ဒါပေမဲ့ လူတွေထဲက လူတစ်ယောက်ပဲလေ"

"လူတွေထဲ လူတစ်ယောက်ပေမဲ့ ကိုယ်ဆိုတဲ့ Olivier Shane က ထူးခြား တယ် Mr ကောင်းဆက်။ အဲဒီတော့ မင်းပြောသလို ကိုယ် ဖြစ်မဖြစ်က အခု စမ်းကြည့်ရင် သိမှာပဲ မဟုတ်ဘူးလား"

ခပ်မတ်မတ် ထိုင်နေခြင်းကို ဖြေလျှော့ကာ လက်နှစ်ဖက်လုံးကို ခုံပေါ် တင်လိုက်ပြီး ခန္ဓာကိုယ်ကို အရှေ့အနည်းငယ် ကိုင်းလိုက်သည့် Olivier Shane ရဲ့ ပုံစံနှင့်စကားလုံးက ဘာကိုဆိုလိုလိုက်တာလဲဟူသော ကောင်း ဆက်ရဲ့အတွေးမဆုံးခင် စားပွဲပေါ်တင်ထားတဲ့ မိမိရဲ့လက်တစ်ဖက်ကို ဖျတ်ခနဲ ဆုပ်ကိုင် ဆွဲယူလိုက်သည်။ ဒိန်းခနဲ လန့်ဖျပ်သွားသည့် စိတ်ကို

ထိန်းချုပ်ကာ လက်ကို အတင်းဆွဲဖြုတ်သော်လည်း တင်းကျပ်စွာ ဆုပ်ကိုင်ထားတဲ့ သူ့လက်ဖဝါးထဲ ရုန်းထွက်မရခဲ့ ...

"Mr Shane ... ခင်ဗျား ဘာလုပ်တာလဲ ... မလုပ်ပါနဲ့ ..."

***

ဖျတ်ခနဲ လှမ်းကိုင်လိုက်ချိန် လန့်ဖျပ်စွာ ကြည့်လာသည့် စိမ်းဖန့်ဖန့်မျက်လုံးတွေမှာ မနှစ်မြို့သည့် အရိပ်အယောင်က ချက်ချင်း ပြည့်နှက်လာသည်။ ဆုပ်ကိုင်ထားသည့် သူ့လက်မှာ တစ်စတစ်စ အေးစက်လာသည်ကို သတိပြုမိလိုက်ပေမဲ့ သိချင်စိတ်ကြောင့် အကြောက်အကန် အတင်းရုန်းကန်နေသည့်တိုင် Shane လွှတ်မပေးခဲ့။ ကြည့်နေရင်းမှာပင် ချွေးတွေလိုမ့်ထွက်လာကာ အနောက်သို့ လန်ကျသွားတော့ ထိုင်ရမှာ အမြန်ထ၍ ထိန်းကာ ပွေ့လိုက်တော့ ရင်ခွင်ထဲ ဘုတ်ခနဲ ပစ်ကျလာတော့သည်။

"ကောင်းဆက် ..."

"ကောင်းဆက်ဂျေဒင် ..."

ခေါ်သံကိုကြားဟန်မတူ အသက်လုရှူကာ ဖြူဆုတ်သွားသည့်မျက်နှာ၊ ဟိုဟိုဒီဒီ ပြေးလွှားနေသည့် မျက်လုံးတွေနှင့် တစ်နေရာရာက နာကျင်နေဟန် အသံတိုးတိုးလေး ညည်းညူနေတဲ့ သူ့ကိုကြည့်ကာ Shane နားမလည်နိုင်။ မိမိရဲ့သေခြင်းတရားကို ဘယ်လောက်တောင် ကြောက်စရာကောင်းနေလို့ သူ ဒီလောက်ထိ ဖြစ်သွားရသလဲဆိုတာ အတော်ကို သိချင်မိသည်။

ထိုအချိန်မှာပင် Shane ခန္ဓာကိုယ်ကို ပစ်တိုက်လာသည့် ခန္ဓာကိုယ်တစ်ခု ရှိလာခဲ့သည်။ ထိုသူက ကပြားလေးရဲ့ သူငယ်ချင်းဖြစ်ပြီး မိမိလက်ထဲမှ သူ့သူငယ်ချင်းကို စိတ်ပူစွာ အတင်း ဝင်ပစ်တိုက်လာ၍ လက်လွှဲယူရန် ကြိုးစားပေမဲ့ သူ့ထက်အရပ်ရော၊ ကိုယ်လုံးပါတောင့်သည့် Shane ကတော့

အနည်းငယ် ယိုင်သွားသည်မှအပ ဘာမှ ထူးမခြားသွားခဲ့။ သို့သော် နိုရာဆိုသော ကောင်လေးမှာတော့ သူ့အရှိန်နဲ့သူ အနောက်သို့ ပြန်လန်ကျသွားလေသည်။

"အမေရေ ... သေပါပြီ"

နားမလည်သော ဘာသာစကားတစ်မျိုးဖြင့် ဆောင့်မိသွားသည့်ခေါင်းကို ပွတ်ကာ အာမေဋိတ်သံ ထွက်လာသော နိုရာကို လွတ်နေသည့် လက်တစ်ဖက်ဖြင့် လက်ကောက်ဝတ်မှ ဆွဲယူ ပြန်ထစေသည့်နောက် ထိုကောင်လေးက လက်လွှဲယူဖို့ မကြိုးစားတော့ အဲဒီအစား သူ့သူငယ်ချင်းအနား ခပ်သုတ်သုတ် ပြေးကပ်လာခဲ့သည်။ ထို့နောက် သူ့သူငယ်ချင်း လက်ကို ဆုပ်ကိုင်ထားဆဲ Shane လက်ကို အတင်းဆွဲဖြုတ်ကာ ...

"အဲဒီလိုမလုပ်ပါနဲ့ Mr Shane! ကျွန်တော့်သူငယ်ချင်းက လူတစ်ယောက်ရဲ့ သေခြင်းကို မြင်ရုံတင် မဟုတ်ဘူး။ အဲဒီလူသေခါနီး ခံစားရတဲ့ နာကျင်မှုမျိုးကိုပါ ခံစားရတာပါ။ ကျွန်တော်ပြောတာ နားလည်ရဲ့လား။ သူကိုင်မိတဲ့သူက ကားကြိတ်ခံရလို့သေတာဆိုရင် သူလည်း အကြိတ်ခံရသလို နာလွန်းတယ်ဆိုတာ"

ထိုတော့မှ Shane မှာ ပါးစပ်အဟောင်းသားဖြင့် ရင်ခွင်ထဲက ထိုကပြားလေးဆီ ပြန်ငုံ့ကြည့်မိသည်။ ခုနကနဲ့မတူ တည်ငြိမ်စပြုလာပြီ ဆိုသော်ငြားမနက်က Programming Manager သေဆုံးခြင်းကို မြင်ခဲ့တုန်းက သေသူရဲ့ ဝေဒနာအတိုင်း သူလည်း မချိမဆံ့ခံစားခဲ့ရပါလားဟု တွေးမိကာ မဆင်မခြင်ဖြင့် ကိုယ်လိုချင်ရာကို လုပ်လိုက်မိသည့် မိမိရဲ့လုပ်ရပ်အပေါ် အလွန်ကို အားနာသွားခဲ့ရသည်။

"ဟိုလေ ... ကျွန်တော့်သူငယ်ချင်းကို ပြန်ပေးလို့ရပြီလား"

ကောင်းဆက်လက်ကို ဆုပ်ကိုင်ထားခြင်းကို ဆွဲဖြုတ်နေခြင်းက မရလေ

တော့ လက်လျှော့သွားကာ လက်နှစ်ဖက်လှမ်း၍ ကောင်းဆက်ကို ပြန်တောင်းနေသည့် နိုရာမင်းမောင်ဆိုသော ကောင်လေးရဲ့အသံ ကြားတော့မှ ကပျာကယာပင် လက်လွှဲပေးလိုက်ရသည်။

သူငယ်ချင်းဖြစ်သူကို တစ်ဖက်ထိန်းရင်း ရေသောက်မလား၊ အဆင်ပြေရဲ့လား မျက်တောင်မခတ် မေးနေပါသည့် နိုရာဆိုသော ခပ်ဖိုင့်ဖိုင့်ကောင်လေးနှင့် သူ့သူငယ်ချင်းကို အားကိုးတကြီး မှီတွယ်ထားကာ အဆင်ပြေပါတယ်ဟု ဖြေနေသည့် ကောင်းဆက်ဆိုသော ကပြားကောင်လေး။ ကြည့်ရုံမျှဖြင့် နိုရာမင်းမောင်က ကောင်းဆက်ဂျေဒင်အတွက် ဘယ်လိုသူငယ်ချင်းမှန်း သိသာရလောက်အောင်အထိ သူတို့အကြား သူငယ်ချင်းသံယောဇဉ်ကတော်ရုံမဟုတ်တန်ရာ။

***